မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

Yever smarter together

Certified B Corporation



PWINT THIT SA
Transparency in Myanmar Enterprises

# ပွင့်သစ်စ

## မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု

## သတ္တမအကြိမ်မြောက် အစီရင်ခံစာ | ၂၀၂၂

MCRB: info@myanmar-responsiblebusiness.org | www.mcrb.org.uk | www.mcrb.org.mm
Yever: + 95 9 422 091 979 | contact@yever.org | www.yever.org

*ပွင့်သစ်စ* စီမံချက်သည် မြန်မာ့စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှုကို တိုးမြှင့် စေရန်နှင့် ပိုမိုကောင်းမွန်သော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများ ဆောင်ရွက်လာစေရန်အတွက် တိုက်တွန်းအားပေး ရန် ရည်ရွယ်သည်။

© MCRB နှင့် *Yever* မှ ၂၀၂၃ ခုနှစ် ဇန်နဝါရီလတွင် ပုံနှိပ်ထုတ်ဝေသည်။ မူပိုင်ခွင့်ရှိသည်။ MCRB နှင့် *Yever* သည် ဤ အစီရင်ခံစာတွင်ပါဝင်သည့် အကြောင်းအရာများအား လွတ်လပ်စွာပြန်လည်ကူးယူထုတ်ဝေခြင်းကို ခွင့်ပြုသည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည်ဆိုပါက MCRB နှင့် *Yever* ထံသို့ အကြောင်းကြားရန်နှင့် ထိုကူးယူထုတ်ဝေမည့် စာမိတ္တူအား MCRB နှင့် *Yever* သို့ပေးပို့ရန် လိုအပ်သည်။ ထိုသို့ ပြန်လည်ကူးယူထုတ်ဝေမည့် ခွင့်ပြုချက်အား တောင်းခံရန်နှင့် ပုံနှိပ်ထုတ်ဝေမည့် ဘာသာပြန်ချက်ကို ပေးပို့ရန် MCRB နှင့် *Yever* အီးမေးလ်လိပ်စာအတိုင်း ဆက်သွယ်ရမည် ဖြစ်ပါသည်။

**မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)** သည် Institute of Human Rights and Business နှင့် Danish Institute for Human Rights တို့မှ ၂၀၁၃ ခုနှစ်တွင် စတင်ဖွဲ့စည်းခဲ့ပြီး ယူကေ၊ ဒိန်းမတ်၊ နော်ဝေ၊ ဆွစ်ဇာလန်၊ နယ်သာလန်နှင့် အိုင်ယာလန်နိုင်ငံများမှ အစိုးရရန်ပုံငွေများ ရရှိပါသည်။ ၂၀၂၃ ခုနှစ်မှစ၍ လန်ဒန်မြို့တွင် အခြေစိုက်ပြီး MCRB အနေဖြင့် မြန်မာနိုင်ငံတွင်း တာဝန်ယူမှုရှိသော စီးပွားရေးနှင့် ပတ်သက်သည့် အသိပညာ၊ စွမ်းရည်နှင့် စကားဝိုင်း များ ဖန်တီးရန်အတွက် ထိရောက် တရားဝင် နည်းလမ်းကျသော လမ်းကြောင်း (platform) တစ်ခု ပေါ်ထွန်းလာ စေရန် ဆောင်ရွက်လျက်ရှိသည်။ တာဝန်ယူမှုရှိသော စီးပွားရေး လုပ်ငန်းဆိုသည်မှာ မြန်မာနိုင်ငံနှင့် မြန်မာပြည်သူ လူထုအတွက် ရေရှည်အကျိုး စီးပွားဖြစ်ထွန်းစေမည့် စီးပွားရေးလုပ်ငန်းလုပ်ဆောင်ချက်မျိုးဖြစ်ပြီး နိုင်ငံတကာ စံချိန်စံညွှန်းများအရ တာဝန်ယူမှုရှိသော လူမှုဘဝနှင့် သဘာဝ ပတ်ဝန်းကျင်ဆိုင်ရာ စွမ်းဆောင်မှုများကို အခြေပြု သည့် လုပ်ငန်းဆောင်ရွက်မှုများကို ဆိုလိုပါသည်။

မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန (MCRB)
info@myanmar-responsiblebusiness.org
www.mcrb.org.uk and www.mcrb.org.mm
Legacy website: www.myanmar-responsiblebusiness.org

**Yever** သည် ကော်ပိုရိတ်ခေါင်းဆောင်များ၏ လိုအပ်ချက်များနှင့်အညီ ဝန်ဆောင်မှုပေးသော ရန်ကုန်အခြေစိုက် စီးပွားရေးအကြံပေးကုမ္ပဏီတစ်ခု ဖြစ်သည်။ ကုမ္ပဏီများအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိသော ရေရှည် တည်တံ့နိုင်သော ဈေးကွက်များ တည်ဆောက်ခြင်းဖြင့် ၎င်းတို့၏စီးပွားရေးစနစ် တိုးတက်ပြောင်းလဲမှုအား အထောက်အကူပြုစေရန် ရည်ရွယ်ပါသည်။ Yever သည် မြန်မာနိုင်ငံတွင်းရှိ အဖွဲ့အစည်းများကို ပံပိုးကူညီပြီး ၎င်းတို့ကို ကော်ပိုရိတ်စီမံအုပ်ချုပ်မှု နှင့် ထုတ်ဖော်တင်ပြမှုတို့အတွက် ကူညီထောက်ပံ့ပေးခြင်း၊ လုပ်ဆောင်မှုကို မြှင့်တင်ခြင်းနှင့် ကောင်းမွန်ခိုင်မာသည့် စီမံခန့်ခွဲမှုအလေ့အထများအား ဆောင်ရွက်ဖော်ဆောင်ခြင်းတို့ကို ဆောင်ရွက်ပေးပါသည်။ Yever အား ၂၀၁၆ ခုနှစ်တွင် စတင် တည်ထောင်ခဲ့ပြီး မြန်မာနိုင်ငံမှ အရည်အချင်းရှိသော လူငယ်များနှင့် နိုင်ငံတကာ အတွေ့အကြုံရှိသော ပညာရှင်များဖြင့် ဖွဲ့စည်းထားသည်။ ကျွန်ုပ်တို့လုပ်ငန်း၏ အဓိက သော့ချက်မှာ ယုံကြည်မှုပင်ဖြစ်သည်။ ရည်ရွယ်ချက်ကို ဖြစ်မြောက်အောင်လုပ်ဆောင်ခြင်း၊ ကျွန်ုပ်တို့သည် ဆိုထားသည့်အတိုင်း ဖြစ်မြောက်အောင် လုပ်ဆောင်ရန် ရည်ရွယ်သည်။ ကျွန်ုပ်တို့အနေဖြင့် ရည်ရွယ်ချက် ပြည့်ဝပြီး အပြောနှင့် အလုပ်ကိုက်ညီအောင်လုပ်ဆောင်ရန် ကျွန်ုပ်တို့ ရည်မှန်းပါသည်။ ကျွန်ုပ်တို့သည် မြန်မာနိုင်ငံတွင်တစ်ခုတည်းသော Certified B Corp အဖွဲ့ဝင်ကုမ္ပဏီဖြစ်ပြီး စီမံကိန်းအမျိုးမျိုးအတွက် အခကြေး ငွေမယူပဲ ဂုဏ်ယူစွာဖြင့် လုပ်ဆောင်ပေးနေပါသည်။

Yever
www.yever.org

ဤအစီရင်ခံစာ၏ ဖော်ပြချက်များသည် စာတမ်းရေးသားသူများ၏ ထင်မြင်ယူဆချက်များ ဖြစ်ပါသည်။ အချို့ သောကုမ္ပဏီများကို ရည်ညွှန်းဖော်ပြထားခြင်းများ ရှိသော်လည်း ထိုကုမ္ပဏီများကို MCRB နှင့် Yever မှ ထောက်ခံ ပေးခြင်းမျိုး မဟုတ်ပါ။ ရမှတ်အဆင့်များမှာ ကုမ္ပဏီများ၏ လက်တွေ့စီးပွားရေး လုပ်ဆောင်ချက်များ အပေါ်တွင် တိုင်းတာထားခြင်း မဟုတ်ပါ။

ဤလက်စွဲစာအုပ်တွင် ဖော်ပြထားသောအချက်အလက်များသည် ဥပဒေရေးရာအကြံဉာဏ်များပေးရန်မဟုတ်ဘဲ ဤလက်စွဲစာအုပ်ပါ သတင်းအချက်အလက်၊ အကြောင်းအရာနှင့် စာရွက်စာတမ်းများသည် ယေဘုယျအချက် အလက်များ ပံ့ပိုးပေးရန်သာ ဖြစ်သည့်အတွက် နောက်ဆုံးရ ဥပဒေရေးရာအချက်အလက်များသော်လည်းကောင်း၊ အခြားအချက်အလက်များသော်လည်းကောင်း ပါဝင်ခြင်းမရှိပါ။ ဤစာအုပ်ကို အသုံးပြုသူများအနေဖြင့် ဥပဒေ ရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ အကြံဉာဏ်များရယူနိုင်ရန် ရှေ့နေရှေ့ရပ်များအား ဆက်သွယ် ဆောင်ရွက်သင့် ပါသည်။

Cover photo: Firewheel (Gaillardia pulchella) by Svetlana Zens

# မာတိကာ


**အတိုကောက်စကားလုံးများ** 4

**ခြုံငုံသုံးသပ်ချက်** 5

**စစ်တမ်းဆောင်ရွက်ပုံနည်းလမ်း** 11

ဆန်းစစ်အကဲဖြတ်ခြင်းဆိုင်ရာ စံသတ်မှတ်ချက်များ 11

အမှတ်ပေးခြင်း 12

စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း 13

ကုမ္ပဏီများနှင့် လုပ်ငန်းစုများ 13

ဆန်းစစ်အကဲဖြတ်သည့်အချိန်ကာလနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း 13

သုတေသနစစ်တမ်းဆောင်ရွက်ပုံနည်းလမ်း၏ ကန့်သတ်ချက်များ 14

**ရလဒ်များ** 14

ထုတ်ဖော်မှုအရည်အသွေး တိုးတက်ခဲ့သည်။ 14

အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုသည် စိန်ခေါ်မှု တစ်ရပ်မဖြစ်သင့်ပါ။ 16

ဘဏ်များအနေဖြင့် စည်းမျဉ်းဥပဒေများအား အပြည့်အဝလိုက်နာခြင်းကို ပိုမိုအားစိုက်ရန် လိုအပ်သည်။ 16

စည်းမျဉ်း၊ ဥပဒေချမှတ်သူများအနေဖြင့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ တိုက်တွန်းသင့်ပြီး စည်းမျဉ်း ဥပဒေလိုက်နာရန် အားပေးလှုံ့ဆော်သင့်သည်။ 17

ပိုမိုကောင်းမွန်သော အလေ့အကျင့်များ ရရှိစေရန် အပြန်အလှန်ဆွေးနွေးမှုသည် အလွန်အရေးကြီးသည်။ 17

ပွင့်လင်းမြင်သာမှုအတွက် ထုတ်ဖော်ကြေညာရာတွင် မဟာဗျူဟာကျကျ ဆောင်ရွက်သင့်ပြီး အရေးကြီးသော သတင်း အချက်အလက်များကို ပိုမို အာရုံစိုက်၍ ထုတ်ဖော်ကြေညာရန် လိုအပ်သည်။ 17

ပိုမိုများပြားသော ကုမ္ပဏီများသည် အပြည်ပြည်ဆိုင်ရာ အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များနှင့် စံနှုန်းများအား အသုံးပြု လာကြသည်။ 17

သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နှင့် စီမံအုပ်ချုပ်မှု (ESG) အစီရင်ခံခြင်းမှာ အားနည်းနေဆဲဖြစ်သည်။ 18

**နောက်ဆက်တွဲ - မေးခွန်းများ** 20

**ပုံ ၁** ၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်အတွက် ကုမ္ပဏီအမျိုးအစားအလိုက် အမှတ်အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များ 11

**ပုံ ၂** ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ခုနှစ် နှင့် ၂၀၂၂ ခုနှစ် အစီရင်ခံစာများတွင် ပျမ်းမျှအမှတ်များ တိုးတက်ပြောင်းလဲလာပုံ 21

**ဇယား ၁** MCRB နှင့် Yever ပူးပေါင်းဆောင်ရွက်မှု 6

**ဇယား ၂** *ပွင့်သစ်စ*နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs) 9

**ဇယားကွက် ၁** ပျမ်းမျှ ရလဒ်များ၏ တိုးတက်ပြောင်းလဲမှု 10

**ဇယားကွက် ၂** ၂၀၂၂ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာ အမှတ်ပေးစနစ်တွင် ပါရှိသည့် စံသတ်မှတ်ချက်များ 16

**ဇယားကွက် ၃** ၂၀၂၂ ခုနှစ် *ပွင့်သစ်စ* အစီရင်ခံစာတွင် ရမှတ်အများဆုံး ထိပ်တန်း ကုမ္ပဏီအခု ၃၀ 20

**ဇယားကွက် ၄** အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို လိုက်နာကျင့်သုံးသော ကုမ္ပဏီအရေအတွက် တိုးတက်ပြောင်းလဲလာမှု 23

**ဇယားကွက် ၅** ကုမ္ပဏီများမှထုတ်ဖော်ပြသထားသည့် ပတ်ဝန်းကျင်နှင့် လူမှုရေးဆိုင်ရာ အကြောင်းအရာများ 25

## အတိုကောက် စကားလုံးများ

| | | |
|---|---|---|
| **ACGS** | ASEAN Corporate Governance Scorecard<br>(အာဆီယံကော်ပိုရိတ်စီမံ အုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| **ACMF** | ASEAN Capital Markets Forum<br>(အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ်) |
| **ASEAN** | Association of South East Asian Nations<br>(အရှေ့တောင်အာရှ နိုင်ငံများအသင်း) |
| **BoD** | Board of Directors<br>(ဒါရိုက်တာများ ဘုတ်အဖွဲ့) |
| **CG** | Corporate Governance<br>(ကော်ပိုရိတ် စီမံအုပ်ချုပ်မှု) |
| **CSR** | Corporate Social Responsibility<br>(ကော်ပိုရိတ် လူမှုတာဝန်ယူမှု) |
| **DICA** | Directorate of Investment and Company Administration<br>(ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန) |
| **ESG** | Environmental, Social and Governance<br>(ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှု) |
| **FY** | Financial Year<br>(ဘဏ္ဍာရေးနှစ်) |
| **GRI** | Global Reporting Initiative<br>(ကမ္ဘာ့အဆင့် အစီရင်ခံခြင်း ကနဦးဆောင် ရွက်ချက်) |
| **IFRS** | International Financial Reporting Standards<br>(နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ) |
| **IIRC** | International Integrated Reporting Council<br>(နိုင်ငံတကာ ပူးတွဲအစီ ရင်ခံခြင်းဆိုင်ရာကောင်စီ) |
| **KPI** | Key Performance Indicator<br>(အဓိက စွမ်းဆောင်ရည်ညွှန်းကိန်း) |
| **MCGS** | Myanmar Corporate Governance Scorecard<br>(မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း) |
| **MCRB** | Myanmar Centre for Responsible Business<br>(မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှုရှိရေး အထောက်အကူပြုဌာန) |
| **MSDP** | Myanmar Sustainable Development Plan<br>(မြန်မာနိုင်ငံ၏ ရေရှည် တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှု စီမံကိန်း) |
| **SASB** | Sustainability Accounting Standards Board<br>(စဉ်ဆက်မပြတ် တိုးတက်စေရန် စာရင်းကိုင်စံချိန်စံနှုန်းဆိုင်ရာ ဘုတ်အဖွဲ့) |
| **SECM** | Securities and Exchange Commission of Myanmar<br>(မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေး ကော်မရှင်) |
| **SEE/SOE** | State-owned Economic Enterprise<br>(နိုင်ငံပိုင် စီးပွားရေးလုပ်ငန်း) |
| **YSX** | Yangon Stock Exchange<br>(ရန်ကုန်စတော့အိတ်ချိန်း) |

## ခြုံငုံသုံးသပ်ချက်

ယခုအစီရင်ခံစာသည် သတ္တမအကြိမ်ထုတ်ပြန်သော *ပွင့်သစ်စ*[1]/မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်း မြင်သာမှု (Transparency in Myanmar Enterprises - TiME) အစီရင်ခံစာဖြစ်ပါသည်။ ဤအစီရင်ခံစာသည် မြန်မာနိုင်ငံရှိကုမ္ပဏီကြီးများ၏ ကုမ္ပဏီဝက်ဘ်ဆိုဒ် များတွင် ထုတ်ပြန်ကြေညာထားသော သတင်းအချက်အလက်များကို အကဲဖြတ်သုံးသပ်၍ ဆန်းစစ်ထားခြင်း ဖြစ်ပါသည်။ စတော့အိပ်ချိန်း စာရင်းဝင်ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ အခွန်အများဆုံး ထမ်းဆောင်သော၊ အများသိထင်ရှားသော ပုဂ္ဂလိကပိုင်ကုမ္ပဏီများ၊ ထင်ရှားသော နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများနှင့် မိမိသဘော ဆန္ဒ အလျောက်အကဲဖြတ်အမှတ်ပေးမှုခံယူသော ကုမ္ပဏီများ စသည်တို့ ပါဝင်ပါသည်။ *ပွင့်သစ်စ* ခေါ် Transparency in Myanmar Enterprises (TiME) အစီရင်ခံစာ၏ ရည်ရွယ်ချက်မှာ မြန်မာကုမ္ပဏီများ၏ ထုတ်ဖော် ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှုကို အသိအမှတ်ပြုပေးခြင်း အားဖြင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် အခြားသော သတင်းအချက် အလက်များ တရားဝင်ထုတ်ပြန်မှု ပိုမို အားကောင်းလာစေရန် ဖြစ်သည်။ *ပွင့်သစ်စ*အစီရင်ခံစာ သည် မြန်မာနိုင်ငံ တွင် ကုမ္ပဏီစီးပွားရေးလုပ်ငန်းများဆိုင်ရာ ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်၍ ပြည့်စုံ၍ ကျယ်ပြန့်မှု အရှိဆုံးဖြစ်သော အများ ပြည်သူဆိုင်ရာ အစီရင်ခံစာတစ်စောင် ဖြစ်ပါသည်။

MCRB အနေဖြင့် ပထမဦးဆုံးသော အစီရင်ခံစာအား ၂၀၁၄ ခုနှစ်၊ ဇူလိုင်လတွင် ထုတ်ဝေခဲ့ပြီး အခြားသော အစီရင်ခံစာများကိုလည်း ၂၀၁၅၊ ၂၀၁၆၊ ၂၀၁၈၊ ၂၀၁၉ နှင့် ၂၀၂၀ ခုနှစ်များတွင် ထုတ်ဝေခဲ့ပါသည်။ ပေါ်ပေါက် ဖြစ်ထွန်းလာသော ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ စံနှုန်းများနှင့်အညီ ၂၀၁၈ ခုနှစ်မှစတင်၍ အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) ကို အသုံးပြုပြီး ကုမ္ပဏီအရေအတွက် တိုးမြှင့်အကဲဖြတ်ခဲ့သည်။

၂၀၁၈၊ ၂၀၁၉နှင့် ၂၀၂၀ တို့ကဲ့သို့ပင် MCRB သည် ယခုအစီရင်ခံစာကို Yever နှင့်ပူးပေါင်းလုပ်ကိုင်ခဲ့ပြီး Yever မှ အခကြေးငွေမယူဘဲ ဆောင်ရွက်ခဲ့ခြင်းဖြစ်သည်။ (ဇယား- ၁)

*ပွင့်သစ်စ*အစီရင်ခံစာသည် MCRB ၏ ကျော်ကြားသော အစီရင်ခံစာများထဲမှ တစ်ခုဖြစ်ပါသည်။ ၂၀၂၀ ခုနှစ်တွင် ထုတ်ဝေခဲ့သော အင်္ဂလိပ်ဘာသာ အစီရင်ခံစာအား ဝက်ဘ်ဆိုဒ်မှ တစ်ဆင့် အကြိမ်ရေ ၅၀၀၀ ကျော် ဒေါင်းလုဒ် လုပ်ခဲ့ပြီး (၂၀၁၉ ခုနှစ်တွင် အကြိမ်ရေ ၆၀၀၀ ကျော် ဒေါင်းလုဒ်လုပ်ခဲ့) မြန်မာဘာသာ အစီရင်ခံစာ အနှစ်ချုပ်အား အကြိမ်ရေ ၁၅၀၀ ကျော် ဒေါင်းလုဒ်လုပ်ခဲ့သည်။ အစီရင်ခံစာကို Yever ၏ ဝက်ဘ်ဆိုဒ်တွင် ကြည့်ရှုမှု အကြိမ်ရေ ၂၀၀၀ ရှိခဲ့သည်။

*ပွင့်သစ်စ*အစီရင်ခံစာကို ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများအား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှုများအား ကြိုတင် တားဆီးခြင်းလုပ်ငန်း (due diligence) ဆောင်ရွက်ရာတွင် နိုင်ငံတကာအဖွဲ့အစည်းများနှင့် ကုမ္ပဏီများက ဤအစီရင်ခံစာအား ရည်ညွှန်းချက်တစ်ခုအနေနှင့်လည်း ကိုးကားအသုံးပြုလျက် ရှိပါသည်။ ရမှတ်မြင့် မြန်မာ ကုမ္ပဏီ များကလည်း နှစ်အလိုက်အစီရင်ခံစာများနှင့် ဝက်ဘ်ဆိုဒ်များတွင် *ပွင့်သစ်စ*အစီရင်ခံစာ

1 *ပွင့်သစ်စ* ဆိုသည်မှာ "အဖူးအပွင့်အသစ်များ"ဟု အဓိပ္ပာယ်ရပြီး တစ်နည်းအားဖြင့် "အရည်အချင်းအသစ်များ"ဟု ဆိုလို သည်။ ၂၀၁၂ ခုနှစ်နှောက်ပိုင်းတွင် မြန်မာနိုင်ငံ၌ ပေါ်ထွက်လာသော ပွင့်လင်းမြင်သာမှုနှင့် ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ လုပ်ငန်းကျင့်စဉ်အား ထင်ဟပ်လာစေရန် ထိုသို့ အမည်ပေးခဲ့ခြင်းဖြစ်သည်။

ဇယား - ၁

## MCRB နှင့် Yever ပူးပေါင်းဆောင်ရွက်မှု

**Yever သည် မည်သူနည်း။** လွတ်လပ်ပြီး ရည်ရွယ်ချက်မြင့်မားသော စီးပွားရေးအတိုင်ပင်ခံ လုပ်ငန်းတစ်ခု ဖြစ်ကာ မြန်မာစီးပွားရေး လုပ်ငန်းရှင်များကို ပိုမိုတာဝန်ယူမှုရှိပြီး ရေရှည်တည်တံ့ခိုင်မြဲသော အလေ့အကျင့် များကို ကျင့်သုံးစေရန် Yever က ရည်မှန်းထားပါသည်။ ၂၀၁၈ ခုနှစ်တွင် MCRB သည် မြန်မာပြည်အခြေစိုက်၊ ရေရှည်တည်တံ့ခိုင်မြဲသော စီးပွားရေးလုပ်ငန်များ ပေါ်ပေါက်လာစေရေးဆိုင်ရာ အကြံပေးကုမ္ပဏီသစ်ဖြစ် သော Yever နှင့် ပူးပေါင်းဆောင်ရွက်ရန် ဆုံးဖြတ်ခဲ့ပါသည်။ Yever ၏ ဒါရိုက်တာ ဖြစ်သော Nicolas Delange ကလည်း မြန်မာ ကုမ္ပဏီများအတွက် ရေရှည်တည်တံ့ခိုင်မြဲရေးညွှန်းကိန်း စံသတ်မှတ်ချက်များကို နှစ်အတန် ကြာ ပြုစုဆောင်ရွက်နေသူဖြစ်သည်။ Nicolas Delange သည် (SECM) ၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု အမှတ် စာရင်း ရမှတ်မှတ်တမ်းကို အစပျိုးလုပ်ဆောင်နိုင်ရန် IFC အား ထောက်ပံ့ကူညီပေးခဲ့ပါသည်။ ၂၀၁၇ ခုနှစ် နိုဝင်ဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလအထိ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုများနှင့် ပတ်သက်ပြီး IFC ၏ အကြံပေး အနေဖြင့် ဆောင်ရွက်ခဲ့သည်။

**အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ကိစ္စရပ်များအား ထုတ်ဖော်ကြေညာခြင်း** Yever သည် ၂၀၂၂ ခုနှစ် *ပွင့်သစ်စ* အစီရင်ခံစာတွင် ပါဝင်သည့် ကုမ္ပဏီ (၅) ခုကို ၂၀၂၁ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်တို့တွင် အကြံပေးအဖြစ် အခကြေးငွေ ရယူ၍ လုပ်ဆောင်ခဲ့ပါသည်။ ထိုကုမ္ပဏီများမှာ City Mart Holdings Limited၊ KBZ Bank၊ Mahaၤ Myanma Awba Group နှင့် TMH တို့ဖြစ်ပါသည်။ ထို့ကြောင့် အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားမှုများ မရှိစေရန် အတွက် အဆိုပါ ကုမ္ပဏီများ၏ နောက်ဆုံးရလဒ်များအား MCRB မှ ထပ်မံစစ်ဆေးခဲ့ပါသည်။

Yever ၏ လက်ရှိ Client သို့မဟုတ် ယခင် Client များဖြစ်ခြင်း မဖြစ်ခြင်းကို ထည့်သွင်းစဥ်းစားခြင်းမရှိဘဲ အစီရင်ခံစာတွင်ပါဝင်သည့် ကုမ္ပဏီများအားလုံးကို တူညီသည့်သတင်းအချက်အလက်များကိုသာ ပေးခဲ့ပြီး ဆွေးနွေးတိုင်ပင်ရန်နှင့် သတ်မှတ်ထားသော အချိန်ကာလထက် အချိန်ပိုမိုလိုအပ်ပါက အချိန်ပိုပေးစေရန် အစ ရှိသည့် ကမ်းလှမ်းမှုများကိုလည်း ကုမ္ပဏီများအားလုံးနှင့် တန်းတူတူညီသော ညှိနှိုင်းဆောင်ရွက်မှုများ ပြုလုပ် ပေးခဲ့သည်။

**အပြောနှင့်အလုပ်ကိုက်ညီအောင် လုပ်ဆောင်ခြင်း** Yever သည် စစ်တမ်းပါ အခြားကုမ္ပဏီများကဲ့သို့ပင် ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် ဖော်ထုတ်ပြသထားသည့် သတင်းများအပေါ် အခြေခံ၍ ကိုယ်ပိုင်စိစစ်အကဲဖြတ်မှု ပြုလုပ်ခဲ့ ပါသည်။ MCRB အတွက် ယေဘုယျရမှတ်မှာ (၂၉) ရာခိုင်နှုန်း (၂၀၂၀ ခုနှစ်တွင် ၁၇ ရာခိုင်နှုန်း) ဖြစ်ပြီး အဆင့် (၂၆) နေရာတွင်ရှိသည်။ ထိုကဲ့သို့ အမှတ်တိုးတက်ရသည့် အဓိကအကြောင်းအရင်းမှာ ၂၀၂၂ ခုနှစ် ဩဂုတ်လ တွင် MCRB ၏ UN Global Compact သို့ ထိတွေ့ဆောင်ရွက်မှုအကြောင်းကြားအစီရင်ခံစာကို ထုတ်ပြန်ခဲ့သော ကြောင့် ဖြစ်ပါသည်။ Yever အတွက် ယေဘုယျရမှတ်မှာ (၅၂) ရာခိုင်နှုန်း (၂၀၂၀ ခုနှစ်တွင် ၁၆ ရာခိုင်နှုန်း) ဖြစ်ပြီး အဆင့် (၁၂) နေရာတွင်ရှိပါသည်။ Yever မှ ၎င်း၏ ဝက်ဘ်ဆိုဒ်တွင် မဟာဗျူဟာ၊ မူဝါဒများနှင့် ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ လုပ်ဆောင်မှုပြဇယားတို့ကို ထုတ်ပြန်ထားပါသည်။

စစ်တမ်းကောက်ယူသည့် မေးခွန်းများသည် အကြီးစားကုမ္ပဏီများအတွက် ရည်ရွယ်ထားသော်လည်း အာဆီယံ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ASEAN CG Socrecard) သည် အသေးစားကုမ္ပဏီများ အတွက်ပါ အသုံးဝင်ကြောင်း တွေ့ရှိရပါသည်။ (Yever တွင် ဝန်ထမ်း (၁၆) ဦး ရှိသည်။) Yever သည် မြန်မာနိုင်ငံရှိ ပထမဆုံး သော Certified B Corp အဖွဲ့ဝင်ဖြစ်ပြီး ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် သတင်းအချက်အလက်များ ထုတ်ပြန် ကြေညာခြင်းတို့ကို လေးလေးနက်နက် ဖော်ဆောင်နေသည့် အဖွဲ့အစည်းတစ်ခု ဖြစ်ပါသည်။[2]

2 www.bcorporation.net/en-us/find-a-b-corp/company/yever

အကြောင်း အများ သိစေရန် မျှဝေကြပါသည်။ ထို့အပြင် အချို့သော ဘဏ်များနှင့် အဖွဲ့အစည်းများက ငွေမချေးမီနှင့် ထောက်ပံ့မှုများ မပြုမီ *ပွင့်သစ်စ*မေးခွန်းများကို အသုံးပြု၍ ဖြစ်နိုင်ချေအန္တရာယ်များကို စစ်ဆေးပြီးမှ ပေးအပ်ပါသည်။

၂၀၂၂ ခုနှစ် အောက်တိုဘာလတွင် ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF) မှ မြန်မာနိုင်ငံအား အမည်ပျက်စာရင်းတွင် ထည့်သွင်းမှု၏ အကျိုးရလဒ်အနေဖြင့် ယခုတွင် နိုင်ငံတကာမှ ရင်းနှီးမြုပ်နှံသူများ၊ ဘဏ် များ နှင့် စီးပွားရေးမိတ်ဖက်များသည် မြန်မာနိုင်ငံရှိအဖွဲ့အစည်းများအပေါ် ဖြစ်နိုင်ခြေရှိသည့် သက်ရောက်မှုများ အား ကြိုတင်သိမြင်ရန်စစ်ဆေးခြင်းနှင့် ထိခိုက်စေနိုင်သည့် သက်ရောက်မှု များအား ကြိုတင်တားဆီးခြင်း လုပ်ငန်း (due diligence)ကို တိုးမြှင့်ဆောင်ရွက်နေကြပါသည်။[3] ထို စီးပွားရေး မိတ်ဖက်များကို စီမံအုပ်ချုပ်မှုနှင့် သက်ဆိုင် သည့် သတင်းအချက်အလက်များ ပံပိုးပေးနိုင်စွမ်းရှိသည့် မြန်မာကုမ္ပဏီများနှင့် စီးပွားရေးလုပ်ငန်းများ အနေဖြင့် စီးပွားရေးအားသာချက်ရရှိနေမည်ဖြစ်ပါသည်။ နိုင်ငံတကာနှင့် အာဆီယံရှိ ပတ်သက်ဆက်နွယ်သူများ သည် ပတ်ဝန်းကျင်၊ လူမှုရေး၊ စီမံအုပ်ချုပ်မှု (ESG) နှင့် ရေရှည်တည့်တံ့ခိုင်မြဲရေးအတွက် လုပ်ဆောင်မှုများကို တိုးမြှင့်၍ အလေးပေးလာကြပြီး ၎င်းတို့၏ယုံကြည်မှုကို ထိန်းသိမ်းနိုင်ရန် ထုတ်ဖော်တင်ပြမှုများသည် အရေးပါဝင်သည်။ ထို့ကြောင့် ကောင်းမွန်သည့် ကော်ပိုရိတ်စီမံခန့်ခွဲမှုရှိခြင်းနှင့် ကော်ပိုရိတ်ထုတ်ဖော်တင်ပြမှုများက ရင်းနှီးငွေရရှိ ရန်၊ လုပ်ငန်းရေရှည်တည်တံ့ခိုင်မြဲရန်နှင့် ဝန်ထမ်းများအတွက် အလုပ်အာမခံပေးအပ်နိုင်ရန် အရေးပါဝင်ပါ သည်။

၂၀၂၂ ခုနှစ် အစီရင်ခံစာသည် ၂၀၁၈ ခုနှစ်ကတည်းကအသုံးပြုခဲ့သည့် အမှတ်ပေးစနစ် အတိုင်းပင် အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (ASEAN Corporate Governance Scorecard-ACGS) (ဇယား ၃) ကိုအခြေခံပြီး ၎င်းမှ မြန်မာနိုင်ငံနှင့် ဆက်စပ်မှုအရှိဆုံး စံသတ်မှတ်ချက် (၇၁) ခုကို အသုံးပြုထားပါသည်။ ACGS ကို အာဆီယံအရင်းအနှီး ဈေးကွက်ဖိုရမ် (ASEAN Capital Markets Forum) မှ ပြုလုပ်သတ်မှတ်ခဲ့ပြီး ထိုဖိုရမ်တွင်  မြန်မာနိုင်ငံငွေချေးသက်သေခံလက်မှတ်လုပ်ငန်းကြီးကြပ်ရေးကော်မရှင်သည် အဖွဲ့ဝင်အဖြစ်ပါဝင်ပါသည်။ ထို ရမှတ်မှတ်တမ်းကို ဒေသတွင်းရှိ ကုမ္ပဏီကြီးများ၏ ကော်ပိုရိတ်စီမံခန့်ခွဲမှုဆိုင်ရာ ထုတ်ဖော်တင်ပြမှုကို အကဲဖြတ် ရန်အတွက် ကျယ်ပြန့်စွာအသုံးပြုပါသည်။ အာဆီယံဒေသတွင်းနိုင်ငံများက ACGS စံသတ်မှတ်ချက်များကို ကုမ္ပဏီ ကြီးများ၏ အွန်လိုင်းပေါ်၌ထုတ်ပြန်ထားသော ကော်ပိုရိတ် ထုတ်ဖော်ကြေညာမှု အခြေအနေဆိုင်ရာ သတင်း အချက်အလက်များကို အကဲဖြတ်ဆန်းစစ်ရန် အတွက် ကျယ်ကျယ်ပြန့်ပြန့် အသုံးပြုလျက်ရှိပါသည်။ ၂၀၁၈-၁၉ ခုနှစ်တွင် မြန်မာအစိုးရကလည်း မြန်မာထိပ်တန်း ကုမ္ပဏီကြီး (၂၄) ခု၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုဆိုင်ရာ ဆောင်ရွက်ချက်များကို အကဲဖြတ်နိုင်မည့် မြန်မာ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard) အား အသုံးပြုခဲ့ပါသည်။[4] မြန်မာကုမ္ပဏီများကလည်း ယင်းကို ထုတ်ဖော် ကြေညာခြင်းဆိုင်ရာခြင်းဆိုင်ရာ မူဘောင်အဖြစ် ပိုမို၍ အသုံးလာပြုကြပါသည်။ (ယခုတွင် ကုမ္ပဏီ ၉ ခုမှ အသုံးပြု နေပြီး ၂၀၂၀ ခုနှစ်တွင် ၈ ခု၊ ၂၀၁၉ ခုနှစ်တွင် ၃ ခု) ယင်းအချက်မှာ  *ပွင့်သစ်စ*၏ကုမ္ပဏီများကို နိုင်ငံတကာ စံနှုန်း များနှင့်အညီ လုပ်ကိုင်ဆောင်ရွက်စေရန် အားပေးနေမှုကို ထင်ဟပ်စေသည်။

သို့ရာတွင် *ပွင့်သစ်စ* အစီရင်ခံစာတွင် ACGS စံသတ်မှတ်ချက်များအားလုံးကို အသုံးပြုထားခြင်း မဟုတ်ဘဲ စစ်တမ်း ဆောင်ရွက်ပုံနည်းလမ်းအတွက် အခြားသော နိုင်ငံတကာ စံသတ်မှတ်ချက်များမှလည်း ကိုးကားအသုံးပြုထားပါ သည်။ ၂၀၁၉ ခုနှစ်မှ စတင်၍ ရေရှည်တည်တံ့ခိုင်မြဲမှု၊ ကုမ္ပဏီ၏ စီးပွားရေးပုံစံနှင့် ရေရှည်တည်တံ့ခိုင်မြဲမှု ဆက်စပ် ပုံ အစရှိသည့် အခြားသော ထပ်တိုးစံသတ်မှတ်ချက်များအား ဘက်စုံပါဝင်သော အစီရင်ခံခြင်းဆိုင်ရာ မူဘောင် (Integrated Reporting Framework) နှင့်အညီ ထည့်သွင်းထားသည်။  ထိုသို့ဆောင်ရွက်ခြင်းမှာ ထိပ်တန်း ကုမ္ပဏီများအရေအတွက် များပြားလာစေရန်နှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်

3 High-Risk Jurisdictions subject to a Call for Action, ငွေကြေးဆိုင်ရာအရေးယူဆောင်ရွက်ရေးအဖွဲ့ (FATF)၊ ၂၀၂၂ ခုနှစ် အောက်တိုဘာလ ၂၁ရက်

4 မြန်မာကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း (Myanmar Corporate Governance Scorecard)2018: A Report on the Assessment of Myanmar Companies, အပြည်ပြည်ဆိုင်ရာဘဏ္ဍာရေးကော်ပိုရေးရှင်း (IFC), ၂၀၁၉ ခုနှစ် ဧပြီလ

ရေး ရည်မှန်းချက်ပန်းတိုင်၁၂ နှင့် ၁၆ တို့အား ထင်ဟပ်မှုရှိစေရန်၊ အထောက်အပံ့ ဖြစ်စေရန်အတွက် ဖြစ်သည်။ (ဇယား ၂)

အပိုင်းလေးပိုင်း/နယ်ပယ်လေးခု (ကော်ပိုရိတ် အကြောင်းအရာ၊ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းနှင့် အစီရင်ခံခြင်း)ကို စုစုပေါင်း စံသတ်မှတ်ချက် (၁၅၁) ခု (အွန်လိုင်းပေါ်၌ ထုတ်ပြန် ထားသော သတင်းအချက်အလက်များကို အခြေခံထားသည့် စံသတ်မှတ်ချက် (၈၃) ခုနှင့် ကုမ္ပဏီ စွမ်းဆောင်ရည် ကို အခြေခံထားသည့် စံသတ်မှတ်ချက် (၆၈) ခု) ကို အသုံးပြု၍ ပေးထားပြီး ရမှတ်အများဆုံး စုစုပေါင်း ရမှတ် (၂၁၉) မှတ် (အွန်လိုင်းပေါ်၌ ထုတ်ပြန်ထားသော သတင်းအချက် အလက်များအတွက် ရမှတ် (၈၃) မှတ်နှင့် ကုမ္ပဏီ စွမ်းဆောင်ရည် (၁၃၆) မှတ်) ရရှိနိုင်ရန် သတ်မှတ်ထားပါသည်။ ယခုနှစ်တွင် ကိုဗစ် ၁၉ ကပ်ရောဂါနှင့် နိုင်ငံရေး အကျပ်အတည်းနှင့် ဆက်စပ်သည့် စံသတ်မှတ်ချက် အနည်းငယ်ကို ထည့်သွင်း သတ်မှတ် ထားပါသည်။ ထို့အပြင် သင့်လျော်မှုမရှိတော့သော အချက်များကို ထုတ်နုတ်ခဲ့ပါသည်။ ထို့အပြင် *ပွင့်သစ်စ*မေးခွန်းများ (စံသတ်မှတ်ချက် များ)သည် ကုမ္ပဏီများကို ထုတ်ဖော် ကြေညာမှုအပိုင်းများတွင် ပိုမို အားကောင်းစေရန်၊ အမှန်တကယ် ဆောင်ရွက် စေရန် တွန်းအားပေးသဖြင့် အမှတ်ရရုံသာဆောင်ရွက်မှုမျိုး နှင့် လက်တွေ့ဆောင်ရွက်ချက်မပါဝင်ပါက အမြင့်ဆုံး အမှတ်များ ရနိုင်ရန် မလွယ်ကူပေ။

စတော့အိတ်ချိန်း စာရင်းဝင်ထားသော ကုမ္ပဏီများ၊ ဘဏ်များနှင့် ရှယ်ယာရှင်ဦးရေ ၁၀၀ အထက်ရှိသော “အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ”[5] မှလွဲ၍ ယခုအစီရင်ခံစာ၌ အကဲဖြတ်ဆန်းစစ်ထားသည့် ကုမ္ပဏီ အများစုအတွက် ဤအချက်အလက်များ ကို ထုတ်ပြန်ရန် လိုအပ်သည်ဟု မြန်မာဥပဒေတစ်ရပ်ရပ်ဖြင့် ပြဋ္ဌာန်း ထားခြင်း မရှိပါ။ သို့ရာတွင် ထိုသို့ သတင်းအချက်အလက် များ ကို ထုတ်ပြန်ခြင်းကြောင့် မြန်မာကုမ္ပဏီများ အနေနှင့် အခြားစီးပွားရေး မိတ်ဖက်များထက် ယှဉ်လျှင် ပိုမိုများပြားသော အကျိုးကျေးဇူးရရှိနိုင်ပြီး ရင်းနှီး မြှုပ်နှံသူများက ကုမ္ပဏီများအကြောင်း လေ့လာရာတွင်လည်း မိမိ၏ ကုမ္ပဏီဝက်ဘ်ဆိုက်(ဒ်) ကို ဝင်ရောက် ကြည့်ရှုနိုင်မည် ဖြစ်ပါသည်။

ယခုနှစ်တွင် မည်သည့် ကုမ္ပဏီအမျိုးအစားများက ထုတ်ဖော်ကြေညာမှုအပိုင်းများတွင် လုပ်ဆောင်ရန် လိုအပ် သည်၊ မလိုသည် စသည်တို့ကို သိသာစွာ ခွဲခြားဖော်ပြထားပြီး မည်သည့်ပုဂ္ဂလိကပိုင်ကုမ္ပဏီက (ဥပဒေအရ မလိုအပ်သော်လည်း) လုပ်ဆောင်သည်ကို ပိုမို၍ ခိုင်လုံစွာ ခွဲခြားဖော်ပြထားပါသည်။ လိုအပ်သည်ထက် ကျော် လွန် လုပ်ဆောင်ထားသော (နိုင်ငံတကာ စံချိန်မီရန် ဆောင်ရွက်ထားသော) ကုမ္ပဏီများကို ဥပမာ ဘဏ္ဍာရေး ဆိုင်ရာ အချက်အလက်များကို ဖော်ပြထားခြင်းမျိုးရှိပါက ဂုဏ်ပြုချီးမြှောက်သည့်အနေဖြင့် အပိုဆောင်းအမှတ် များ ပေးထားပါသည်။ နောက်ထပ် အသေးစိတ်အချက်အလက်များကို စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းတွင် ဖော်ပြ ထားပါသည်။

ရလဒ်အနေဖြင့် ၂၀၂၂ ခုနှစ်၏ ပျမ်းမျှရလဒ်မှာ (၈) ရာခိုင်နှုန်းဖြစ်ပြီး ၂၀၂၀ တွင် (၇) ရာခိုင်နှုန်းဖြစ်သည်။ ထုတ်ဖော် ကြေညာချက်ဆိုင်ရာတွင် အကြမ်းအားဖြင့် အနည်းငယ်တိုးတက်မှုရှိပြီး ထိပ်တန်း လုပ်ငန်းကြီး များမှာ ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုဆိုင်ရာ အချက်အလက်များ ထုတ်ပြန်ခြင်း၊ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်း နှင့် အစီရင်ခံခြင်း ဆိုင်ရာ အချက်အလက်များ ထုတ်ဖော်ကြေညာရာတွင် စိန်ခေါ်မှုများ ယခင် ကထက်များလာသည်ကို တွေ့နိုင် သည်။

5 မြန်မာကုမ္ပဏီများဥပဒေ၊ အခန်း (၁)၊ အပိုဒ် (၂၈) အရ ‘အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီ’ မှာ ဤဥပဒေအရဖြစ်စေ သို့မဟုတ် ရုတ်သိမ်းခဲ့ပြီးသော ဥပဒေတစ်ရပ်ရပ်အရဖြစ်စေ ဖွဲ့စည်း ထားသော အများနှင့်မသက်ဆိုင်သော ကုမ္ပဏီမဟုတ်သည့် ကုမ္ပဏီ ဟု အဓိပ္ပာယ်ဖွင့်ဆို ထားသည်။ အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီတစ်ခုသည် အများပြည်သူအား ရှယ်ယာထုတ် ရောင်း နိုင်သည်။ ၎င်းအများနှင့်သက်ဆိုင်သော ကုမ္ပဏီတွင် အဖွဲ့ဝင်/ရှယ်ယာပိုင်ရှင် အနည်း ဆုံး (၇) ဦး (အများဆုံး အရေအတွက် ကန့်သတ်ချက် မရှိ)၊ အနည်းဆုံး ဒါရိုက်တာ (၃) ဦး ရှိရမည်ဖြစ်ပြီး မြန်မာနိုင်ငံတွင်နေထိုင်သော မြန်မာနိုင်ငံသားဒါရိုက်တာ အနည်းဆုံး တစ်ဦးပါဝင်ရမည် ဖြစ်သည်။ (မြန်မာကုမ္ပဏီများ ဥပဒေပုဒ်မခွဲ ၄ (က)(၆) အရ)။ စီးပွားရေး လုပ်ငန်းစတင် ရန် အတည်ပြုချက်လက်မှတ်တစ်ခုကို လုပ်ငန်းစတင်မလည်ပတ်မီ လျှောက် ထားရမည် ဖြစ်သည်။ ယေဘုယျအားဖြင့် မြန်မာနိုင်ငံရှိ အများနှင့်သက်ဆိုင်သော ကုမ္ပဏီ များသည် နိုင်ငံခြားသားပိုင်ကုမ္ပဏီများ မဟုတ်ကြပေ။ သို့သော် ၂၀၁၇ ကုမ္ပဏီများဥပဒေအရ နိုင်ငံခြားသားပိုင် ရှယ်ယာပမာဏသည် ၃၅ ရာခိုင်နှုန်း အထိ ရှိနိုင်သည်ဟူသော ပြဋ္ဌာန်းချက် သည် လက်ရှိအနေအထားနှင့်ယှဉ်လျှင် အပြောင်းအလဲများ ဖြစ်ပေါ်လာနိုင်စေသည်။

ဇယား - ၂:

## *ပွင့်သစ်စ*နှင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်များ (SDGs)

*ပွင့်သစ်စ*အစီရင်ခံစာသည် ၂၀၁၈ တွင် ထုတ်ပြန်ခဲ့သည့် မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက် ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း[6] ကို အကောင်အထည်ဖော်နိုင်ရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက် ပန်းတိုင် ဖြစ်သော **Sustainable Development Goal (SDG)** ပန်းတိုင် ၁၆ ကို ရှေးရှုသော စီးပွားရေးလုပ်ငန်း များ၏ ပူးပေါင်းဆောင်ရွက်မှုများကို ထောက်ပံ့ပေးရန် ရည်ရွယ်ပါသည်။

- **SDG ၁၆** - ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးတိုးတက်မှုအတွက် ငြိမ်းချမ်းရေးနှင့် အများပါဝင်သော အဖွဲ့ အစည်းများကို ပံ့ပိုးပေးရန်၊ အများအတွက် တရားမျှတမှု ရရှိရေးကို ဆောင်ရွက်ပေးသည့်အပြင် ထိရောက် မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှု ရှိသည့် အပြင် အားလုံးပါဝင်သော အဖွဲ့အစည်းများကို တည်ဆောက်ပေး ခြင်းတို့ကို ဆောင်ရွက်ရမည်။
- **SDG ၁၆.၅** - ရေရှည်တည်တံ့သောနည်းဖြင့် ကဏ္ဍအသီးသီးရှိ အဂတိလိုက်စားမှုနှင့် လာဘ်ပေး လာဘ်ယူ မှု အမျိုးမျိုးအဖုံဖုံကို လျော့ကျနိုင်ရေးနှင့်
- **SDG ၁၆.၆** - ထိရောက်မှုရှိပြီး တာဝန်ယူမှု၊ တာဝန်ခံမှုရှိသည့်အပြင် ပွင့်လင်းမြင်သာသော အဖွဲ့အစည်း များ ကို အဆင့်တိုင်းတွင် ဖွဲ့စည်းတည်ဆောက်နိုင်ရေး။

*ပွင့်သစ်စ*အစီရင်ခံစာသည် စွမ်းဆောင်ရည်မြှင့်တင်ပေးရန် ကြိုးပမ်းဆောင်ရွက်ခြင်း၊ မူဝါဒများ ပိုမိုရှင်းလင်း၍ အချင်းချင်းချိတ်ဆက်မှုရှိရန် ပုံဖော်ချမှတ်ခြင်းနှင့် ပူးပေါင်းဆောင်ရွက်မှုများကိုမြှင့်တင်ခြင်း စသည်တို့ကို အားပေး ခြင်းဖြင့် ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော **Sustainable Development Goal (SDG)** ပန်းတိုင် ၁၇ ကို တိုက်ရိုက် အထောက်အကူပြုပါသည်။ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု ပန်းတိုင်ဖြစ်သော **Sustainable Development Goal (SDG)** ပန်းတိုင် ၁၇ တွင် ရေရှည်ဖွံ့ဖြိုးတိုးတက်ခြင်း၊ စွမ်းဆောင်ရည် မြှင့်တင်ခြင်း၊ မူဝါဒများ ရှင်းလင်း၍ အချင်းချင်း ချိတ်ဆက်မှုရှိခြင်းနှင့် အစိုးရ - ပုဂ္ဂလိက စကားဝိုင်းဆွေးနွေးပွဲ များကို ဆောင်ရွက်ရန်အတွက် ကမ္ဘာ့ အဆင့် ပူးပေါင်းဆောင်ရွက်ခြင်းတို့ ပါဝင်ပါသည်။ ထို့အပြင် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုး တိုးတက်မှုတို့ကို ကောင်းမွန်စေ၍ ရေရှည် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင် အားလုံးကိုလည်း သွယ်ဝိုက်အထောက်အကူ ပြုပေးသည်ဟု ဆိုနိုင်ပါသည်။

ထို့အပြင် ကော်ပိုရိတ်ထုတ်ဖော်ကြေညာခြင်းသည် **SDG ၁၂** (ရေရှည်တည့်တံ့ခိုင်မြဲသော စားသုံးမှုနှင့် ထုတ်လုပ် မှုကို သေချာစေခြင်း) ကို အထောက်အပံ့ပေးပြီး အထူးသဖြင့် **SDG ညွှန်းကိန်း ၁၂.၆.၁** ရေရှည်တည်တံ့ခိုင်မြဲ ခြင်း အစီရင်ခံစာထုတ်ပြန်သည့် ကုမ္ပဏီအရေအတွက်[7] ကို ထောက်ပံ့ပေးပါသည်။ ၎င်းသည် ပုဂ္ဂလိကကဏ္ဍ အဖွဲ့အစည်းများ၏ လုပ်ထုံးလုပ်နည်းများ ကို စောင့်ကြည့်သော SDG ညွှန်းကိန်း ၂၃၁ ခုထဲမှ တစ်ခုတည်းသော ညွှန်းကိန်းဖြစ်သည်။ ကော်ပိုရိတ်ရေရှည်တည်တံ့ခိုင်မြဲသော အစီရင်ခံစာများ၏ အရည်အသွေးနှင့် ချဉ်းကပ်မှု ပုံစံ များ အမျိုးမျိုးရှိသောကြောင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ အစီရင်ခံစာများ ထုတ်ပြန်ရာတွင် အနိမ့် ဆုံးလိုအပ်ချက်များနှင့် တန်းမြင့်အဆင့် သတ်မှတ်နိုင်ရန် နည်းစနစ် များကို ကမ္ဘာအနှံ့တွင် အကောင်ထည် ဖော် ဆောင်ရွက်နေသည်။ ယင်းတို့မှာ အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်းများဖြစ်သည့် ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦး ဆောင်ရွက်ချက် (GRI)၊ စဉ်ဆက်မပြတ် တိုးတက်စေရန် စာရင်းကိုင်စံချိန်စံနှုန်းဆိုင်ရာ ဘုတ်အဖွဲ့ (SASB) နှင့် နိုင်ငံတကာဘဏ္ဍာရေးအစီရင်ခံခြင်းစံများ (IFRS)[8] အပေါ်တွင် အခြေခံမည်ဖြစ်ပါသည်။ နိုင်ငံများ အနေဖြင့် ယင်း ကို နိုင်ငံအဆင့်တွင် တိုးတက်မှုကိုတိုင်းတာရန် အသုံးပြုနိုင်လိမ့်မည်ဖြစ်သည်။[9]

*ပွင့်သစ်စ*သည် မြန်မာနိုင်ငံတွင် အပြည်ပြည်ဆိုင်ရာ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ အစီရင်ခံခြင်းစံချိန် စံနှုန်း များကို လက်ခံကျင့်သုံးလာစေရန် ရည်ရွယ်ထားပြီး SDG ညွှန်းကိန်း ၁၂.၆.၁ ကို နိုင်ငံအဆင့် တိုးတက်မှုရရှိနိုင် ရန် ရည်မှန်းပါသည်။

6 မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး ဟန်ချက်ညီသော ဖွံ့ဖြိုးတိုးတက်မှုစီမံကိန်း ၂၀၁၈ - ၂၀၃၀, August 2018
7 SDG Indicators Metadata Repository, United Nations Statistics
8 အစီရင်ခံတင်ပြမှု စံနှုန်းများကို လတ်တလောတွင် စုစည်းထားမှုကို အသစ်ဖွဲ့စည်းထားသည့် IFRS Foundation တွင် ရရှိနိုင် ပါသည်။
9 မြန်မာနိုင်ငံ၏ SDG အညွှန်းကိန်းအခြေခံအစီရင်ခံစာ၊ ၂၀၁၇၊ မြန်မာနိုင်ငံ ဗဟိုစာရင်းအင်းအဖွဲ့နှင့် UNDP တို့က ၂၀၁၆ ခု နှစ်တွင် ဤအညွှန်းကိန်း၏ တန်ဖိုးကို သုညအဖြစ် သတ်မှတ်ခဲ့ကြသည်။

**၂၀၂၂ ခုနှစ်၏ အမှတ်အမြင့်ဆုံးရရှိသည့် ထိပ်တန်း ကုမ္ပဏီကြီး (၃) ခုမှာ CityMart Holdings Limited (CMHL), uab နှင့် FMI (First Myanmar Investment) တို့ဖြစ်ပါသည်။** အမှတ်အမြင့်ဆုံးရရှိသည့် ထိပ်တန်း ကုမ္ပဏီ အခု ၃၀ ကို ရလဒ်များ အခန်းတွင် ဖော်ပြထားပါသည်။

CMHL၊ uab နှင့် FMI တို့မှာ ၂၀၂၀ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာ၏ ထိပ်တန်းကုမ္ပဏီကြီး (၅) ခု စာရင်းတွင် ပါဝင်ခဲ့ပါ သည်။ သို့သော် ထိုကုမ္ပဏီများမှာ ၂၀၂၂ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာတွင် ဆက်လက်၍ ကော်ပိုရိတ်စီမံအုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်း နှင့် ဘဏ္ဍာရေး မသက်ဆိုင်သော စီရင်ခံခြင်း အစရှိသည့် သတင်း အချက်အလက်များ ထုတ်ပြန်ကြေညာမှုကို တိုးမြှင့်လုပ်ဆောင် ခဲ့ကြပါသည်။ အလားတူပင် ၎င်းတို့၏ ရမှတ်မူကြမ်း များကို ဆွေးနွေးရန်၊ စံသတ်မှတ်ချက်များကို သေသေချာချာ ကောင်းမွန်စွာ နားလည်ရန်နှင့် ကုမ္ပဏီသတင်း အချက်အလက်ထုတ်ပြန်ပေးမှုအတွက် စံသတ်မှတ်ချက်များက မည်သည့် အကြောင်းအရာများကို ရည်ညွှန်းသည် စသည်တို့ ကိုနားလည်ရန်အတွက် MCRB/ Yever သို့ (အွန်လိုင်းမှ တစ်ဆင့်) တိုက်ရိုက်ဆက်သွယ် အစည်းအဝေး များဆောင်ရွက်ခဲ့သော ကုမ္ပဏီ (၃၉) ခုလုံး၏ ကြိုးစားအားထုတ် မှုကိုလည်း ထင်ရှားစွာမြင်တွေ့ခဲ့ရပါသည်။ ထိုသို့ အချင်းချင်းဆက်သွယ်ဆောင်ရွက်ခြင်း ကြောင့် အဆိုပါကုမ္ပဏီများ၏ ရမှတ်များသည် ယေဘုယျအားဖြင့် (၆၈) ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်လာ ကြောင်း တွေ့ရှိရပါသည်။

ဇယားကွက် (၁) တွင် နယ်ပယ်တစ်ခုစီအလိုက် ရလဒ်များ၏ ယေဘုယျ တိုးတက်ပြောင်းလဲမှုကို ဖော်ပြထား ပါသည်။

**ဇယားကွက် ၁ - ပျမ်းမျှ ရလဒ်များ၏ တိုးတက်ပြောင်းလဲမှု**


| | ကုမ္ပဏီ အရေအတွက် | ၂၀၂၀ ခုနှစ် *ပွင့်သစ်စ* အစီရင်ခံစာ | ပထမအကြိမ် စစ်ဆေး အကဲဖြတ်ပြီး ရလဒ် | ၂၀၂၂ ခုနှစ် - နောက်ဆုံး ရလဒ် | ၂၀၂၀ ခုနှစ် နှင့် နှိုင်းယှဉ်မှု |
|---|---|---|---|---|---|
| **မြန်မာကုမ္ပဏီများ ပျမ်းမျှရလဒ်** | ၂၇၁ | ၇ ရာခိုင်နှုန်း | ၆ ရာခိုင်နှုန်း | ၈ ရာခိုင်နှုန်း | +၁ ရာခိုင်နှုန်း |
| **ထိပ်တန်းကုမ္ပဏီ (၁၀) ခု** | ၁၀ | ၇၀ ရာခိုင်နှုန်း | ၆၈ ရာခိုင်နှုန်း | ၇၃ ရာခိုင်နှုန်း | +၃ ရာခိုင်နှုန်း |
| **စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ** | ၇ | ၃၉ ရာခိုင်နှုန်း | ၃၆ ရာခိုင်နှုန်း | ၄၀ ရာခိုင်နှုန်း | +၁ ရာခိုင်နှုန်း |
| **ဘဏ်များ** | ၃၁ | ၁၂ ရာခိုင်နှုန်း | ၁၀ ရာခိုင်နှုန်း | ၁၃ ရာခိုင်နှုန်း | +၁ ရာခိုင်နှုန်း |
| **အာမခံကုမ္ပဏီများ** | ၁၂ | N/A | ၆ ရာခိုင်နှုန်း | ၇ ရာခိုင်နှုန်း | အသစ် |
| **ပုဂ္ဂလိကကုမ္ပဏီများ** | ၁၈၅ | ၇ ရာခိုင်နှုန်း | ၆ ရာခိုင်နှုန်း | ၈ ရာခိုင်နှုန်း | +၁ ရာခိုင်နှုန်း |
| **အများပိုင်ကုမ္ပဏီများ** | ၅၁ | ၅ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း | ၅ ရာခိုင်နှုန်း | ၀ ရာခိုင်နှုန်း |
| **နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ** | ၂၈ | ၂ ရာခိုင်နှုန်း | ၂ ရာခိုင်နှုန်း | ၂ ရာခိုင်နှုန်း | ၀ ရာခိုင်နှုန်း |

စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၏ ပျမ်းမျှရမှတ်မှာ (၄၀) ရာခိုင်နှုန်းဖြစ်သောကြောင့် ပျမ်းမျှရမှတ် (၆) ရာခိုင်နှုန်း နှင့် (၈)ရာခိုင်နှုန်း အသီးသီး ရရှိထားသော အများနှင့်သက်ဆိုင်သည့်ကုမ္ပဏီများနှင့် ပုဂ္ဂလိကကုမ္ပဏီများထက် စွမ်းဆောင်ရည် သိသိသာသာ ပိုမိုကောင်းမွန်သည်ကို တွေ့ရှိရသည်။ ပုံ (၁) ၌ ကုမ္ပဏီအမျိုးအစားတစ်ခုချင်းမှ ၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်တွင် ရရှိသော အမြင့်ဆုံး၊ အနိမ့်ဆုံး နှင့် ပျမ်းမျှရလဒ်များကို ဖော်ပြထားသည်။ နှစ်အလိုက် ရလဒ်များကို နှိုင်းယှဉ်ကြည့်သည့်အခါတွင် ကုမ္ပဏီ

အများစု သည် နယ်ပယ်တစ်ခုစီအလိုက် ပျမ်းမျှရလဒ်များမှာ တိုးတက်လာပြီး နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ နှင့် အများပိုင် ကုမ္ပဏီများမှာမူ ၂၀၂၀ ခုနှစ်တွင် ရရှိခဲ့သည့် ရလဒ်အတိုင်းသာ ဆက်လက်ရရှိပါသည်။ ဘဏ်များကို စစ်ဆေး အကဲဖြတ် မှုမှာ ပိုမိုတင်းကျပ်ခဲ့သော်လည်း ပျမ်းမျှရလဒ်အနေဖြင့် (၁) ရာခိုင်နှုန်း တိုးမြင့်ရရှိခဲ့ပါသည်။

**ပုံ ၁**

**၂၀၂၀ နှင့် ၂၀၂၂ ခုနှစ်အတွက် ကုမ္ပဏီအမျိုးအစားအလိုက် အမှတ်အမြင့်ဆုံး၊ အနိမ့်ဆုံးနှင့် ပျမ်းမျှရလဒ်များ**




ပုံ (၁) အရ စွမ်းဆောင်မှုအကောင်းဆုံး ကုမ္ပဏီ (City Mart Holdings Limited) မှာ စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ သို့မဟုတ် အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီ မဟုတ်ဘဲ ပုဂ္ဂလိကပိုင် ဖြစ်ကြောင်း တွေ့ရသည်။ ၎င်းသည် ဘဏ်လုပ်ငန်းလည်း မဟုတ်ပါ။ ထို့ကြောင့် ၎င်းတွင် စည်းမျဉ်း စည်းကမ်းအရ မဖြစ်မနေ ထုတ်ဖော်တင်ပြရန် ကန့်သက်ချက်မရှိပါ။ ဤအချက်က ပုဂ္ဂလိကပိုင် ကုမ္ပဏီအချို့အနေ ဖြင့် ၎င်းတို့၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် လုပ်ဆောင်မှုဆိုင်ရာ အချက်အလက်များကို တိုင်းတာ၍ ထုတ်ဖော် တင်ပြနိုင်ရန် တက်ကြွစွာအားထုတ်ဆောင်ရွက်နေပြီး ထိုသို့ဆောင်ရွက်မှုသည် ၎င်းတို့၏ အကျိုးစီးပွားနှင့် သက်ဆိုင်မှုရှိသည်ကို ယုံကြည်ကြောင်းကို တွေ့မြင်နိုင်ပါသည်။ ထို့အပြင် Myanma Awba Group (အဆင့် ၂၀ တိုးတက်) နှင့် AYA Bank (အဆင့် ၁၁ တိုးတက်) ကဲ့သို့သော ပုဂ္ဂလိကပိုင် ကုမ္ပဏီများအနေဖြင့် ပြင်းထန်သော ပြိုင်ဆိုင်မှုအကြားတွင် သိသာထင်ရှားစွာ တိုးတက်ဆောင်ရွက်နိုင်ပြီး ယခုတွင် အမှတ်အများဆုံးထိပ်တန်း ကုမ္ပဏီ အခု (၂၀) ထဲသို့ ဝင်ရောက်လာသည်ကို တွေ့ရှိရပါသည်။

၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တို့တွင် များစွာသော စိန်ခေါ်မှု၊ အခက်အခဲများ ရှိလင့်ကစား အချို့မြန်မာကုမ္ပဏီများ အနေဖြင့် ၎င်းတို့၏ ထုတ်ဖော်ကြေညာမှုဆိုင်ရာ အရည်အသွေးနှင့် အရေအတွက်ကို ထိန်းသိမ်းထားနိုင်ရုံမက တိုးတက် အောင်ပင် ဆောင်ရွက်နိုင်ခဲ့သည်။ အဘယ်ကြောင့်ဆိုသော် ၂၀၂၀ အစီရင်ခံစာတွင် ထိပ်တန်းအမှတ်အများဆုံး ကုမ္ပဏီ ၃၀ စာရင်းဝင်နိုင်ရန် အနည်းဆုံး ၁၆ ရာခိုင်နှုန်းသာ ရရှိရန်လိုအပ်သော်လည်း ယခုနှစ်တွင်မူ ၂၂ ရာခိုင်နှုန်း ရရှိရန်လိုအပ်သည်။ ထို ၆ ရာခိုင်နှုန်းတိုးတက်လာခြင်းမှာ သိသာထင်ရှားပြီး အားတက်ဖွယ်

ဖြစ်သည်။ အဘယ် ကြောင့်ဆိုသော် ဤသည်မှာ မြန်မာကုမ္ပဏီများအနေဖြင့် သတင်းအချက်အလက်များ မျှဝေခြင်းသည် ၎င်းတို့ အတွက် ကောင်းမွန်သော တန်ဖိုးများ သယ်ယူလာနိုင်ခြင်းနှင့် ၎င်းတို့၏ အကျိုးစီးပွား သက်ဆိုင်များနှင့်လည်း ယုံကြည်မှုတည်ဆောက်နိုင်ခြင်းကို ကောင်းစွာ နားလည်လာကြသည်ကို မီးမောင်း ထိုးပြနေသည်။

အမှတ်အမြင့်ဆုံး ဦးဆောင်ကုမ္ပဏီများ၏ အဓိကအားသာသော နယ်ပယ်မှာ ၎င်းတို့၏ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ဖြစ်ပြီး ထိပ်ဆုံးကုမ္ပဏီ (၁၀) ခု၏ ပျမ်းမျှရလဒ်မှာ (၉၉) ရာခိုင်နှုန်း ဖြစ်သည်။ (ပုဂ္ဂလိကကုမ္ပဏီ များမှ ဘဏ်များ နှင့် စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော အများနှင့်သက်ဆိုင်သည့် ကုမ္ပဏီများအတွက် မဖြစ်မနေ ထုတ်ပြန် ရမည့် အချို့သောကဏ္ဍများတွင် ၎င်းတို့၏ ဆန္ဒအလျောက် ထုတ်ဖော်ပြသထားသောအချက်များ အတွက် အမှတ် အပိုရရှိသောကြောင့် (၁၀၀) ရာခိုင်နှုန်းထက်သာလွန်၍ အမှတ်ရရှိနေကြခြင်း ဖြစ်သည်။) အားအနည်းဆုံး နယ်ပယ် များတွင် အစီရင်ခံခြင်းနှင့် ရေရှည်တည်တံ့ခိုင်မြဲမှုဆိုင်ရာ စီမံခန့်ခွဲခြင်းတို့ပါဝင်ပြီး ထိပ်ဆုံးကုမ္ပဏီ (၁၀) ခု၏ နယ်ပယ်နှစ်ခုလုံးအတွက်  ပျမ်းမျှရလဒ်မှာ ၆၇ ရာခိုင်နှုန်း ဖြစ်ပြီး ၂၀၂၀ ခုနှစ်တွင် ၅၆ ရာခိုင်နှုန်းနှင့် ၅၅ ရာခိုင်နှုန်း ရှိပါသည်။

သို့သော် မြန်မာကုမ္ပဏီများအားလုံးအနေဖြင့် ပွင့်လင်းမြင်သာမှု၏ အရေးပါဝင်မှုများကို သိရှိမှုမရှိသေးပါ။ ဆန်းစစ် အကဲဖြတ်ထားသော ကုမ္ပဏီနှင့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း ၂၇၁ခုတွင် ၁၁၁ခု (၄၁ ရာခိုင်နှုန်း) တွင် ကော်ပိုရိတ် ဝက်ဘ်ဆိုဒ်မရှိခြင်း သို့မဟုတ် မည့်သည့်အချက်အလက်ကိုမျှမရှိခြင်းတို့ကို တွေ့ရှိရသည်။ ကော်ပိုရိတ် ဝက်ဘ်ဆိုဒ် များရှိနေလျှင်လည်း အများစုမှာ အချက်အလက်အနည်းငယ်သာ ထုတ်ပြန်ထား ခြင်း၊ သို့မဟုတ် ယခုလေ့လာ ဆန်းစစ်မှုတွင် အကျုံးဝင်သော စံသတ်မှတ်ချက်များနှင့် သက်ဆိုင်သည့် အချက်အလက်များ မရှိခြင်း တို့ကို တွေ့ရှိရသည်။  ကော်ပိုရိတ် သတင်းအချက်အလက်များအား ထုတ်ပြန် ထားသည့် ကုမ္ပဏီ (နိုင်ငံပိုင်စီးပွားရေး လုပ်ငန်းများ အပါအဝင်) ၄၁ ရာခိုင်နှုန်း၏ ရမှတ်များသည် ကုမ္ပဏီများ အားလုံးကို ဆန်းစစ်အကဲဖြတ်ထားသည့် ယေဘုယျပျမ်းမျှရမှတ်ဖြစ်သည့် ၈ ရာခိုင်နှုန်းထက် နည်းပါးလျက် ရှိနေသည်ကို တွေ့ရပါသည်။

ယခင်ကလိုပင် ယခုစစ်တမ်းနှင့် ယင်းမှပေါ်ထွက်လာသည့် အဆင့်သတ်မှတ်ချက်တို့သည် ကုမ္ပဏီမှနေ၍ အများ ပြည်သူ အလွယ်တကူသိရှိနိုင်အောင် ထုတ်ပြန်ပေးသော သတင်းအချက်အလက်များ ကိုသာ အခြေခံ၍ အမှတ်ပေး ဆန်းစစ်ထားခြင်းသာ ဖြစ်ပါသည်။ လွတ်လပ်၍ အမှီအခိုကင်းသည့် ကျွမ်းကျင်စာရင်းစစ်ပညာရှင်၏ အာမခံချက် ပေးရန် လိုအပ်သော ကုမ္ပဏီ၏ စွမ်းဆောင်ရည် (သို့မဟုတ်) အချက်အလက်များ၏ တိကျမှန်ကန်မှု စသည့်အချက် များကို မဆန်းစစ်ထားပါ။ ကုမ္ပဏီများမှ အမှတ်ရရှိရန်အတွက်သာရည်ရွယ်သော ထုတ်ဖော် ကြေညာမှုများ (tickbox) သို့မဟုတ် ဖြတ်ညှပ်ကပ် ဆောင်ရွက်မှုများကို ဖြေရှင်းရန်အတွက် မူဝါဒများနှင့် ရေရှည်တည်တံ့ရေး ဆိုင်ရာ စံနှုန်းအချို့တွင် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏  မူဝါဒဆိုင်ရာကတိကဝတ်များကို စီးပွားရေးလုပ်ငန်းနှင့် မည်မျှအနီးစပ်ဆုံး သင့်တင့်လျောက်ပတ်မှုအောင် ဆောင်ရွက်နေကြောင်းကို ထင်ဟပ် စေရန်အတွက် ပို၍များသောအမှတ်ပေးခြင်းကို ပြုလုပ်ပါသည်။ ထို့အပြင် MCRB နှင့် Yever မှ ကုမ္ပဏီများ နှင့် တိုက်ရိုက်ချိတ်ဆက် ဆောင်ရွက်မှုမှတစ်ဆင့် ကောက်ချက်ချ နိုင်သည်မှာ အမှတ်ပိုများနေ သော ကုမ္ပဏီ များသည် ပို၍ခိုင်မာ အားကောင်းသည့် ကော်ပိုရိတ်စီမံအုပ်ချုပ် ဆောင်ရွက်မှုကို တည်ထောင်နေသူ များနှင့် ရေရှည်တည်တံ့မှုကို နားလည်သဘောပေါက်သူများဖြစ်ကြောင်း တွေ့ရှိရပါသည်။

လွန်ခဲ့သည့် နှစ်နှစ်တာကာလအတွင်း မြန်မာနိုင်ငံ၏ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုနှင့် ကော်ပိုရိတ် ထုတ်ဖော် ကြေညာခြင်းဆိုင်ရာ တည်ဆဲဥပဒေနှင့်စည်းမျဉ်းများ ပြောင်းလဲတိုးတက်မှုများစွာ မရှိသောကြောင့် ၂၀၂၂ ခုနှစ် *ပွင့်သစ်*အစီရင်ခံစာတွင် ထိုအကြောင်းအရာနှင့် ပတ်သက်၍ ဖော်ပြထားခြင်းမရှိပါ။ ယခင်နှစ် အစီရင်ခံစာ များနှင့် မတူပဲ  နိုင်ငံတကာအဆင့်တွင် ဖြစ်ပေါ်လျက်ရှိ သည့် အလေးထား စိစစ်ခြင်းလုပ်ငန်းစဥ်အတွက် လိုက်နာရန်လိုအပ်သော စည်းမျဥ်း ဥပဒေများနှင့် ပတ်ဝန်းကျင်၊ လူမှုရေးနှင့် စီမံအုပ်ချုပ်မှုကို အစီရင်ခံခြင်း ဆိုင်ရာ စံနှုန်း၊ စံသတ်မှတ်ချက်များ အစရှိသော အကြောင်းအရာများကို လည်း ဖော်ပြခြင်းမရှိပါ။

၂၀၂၂ ခုနှစ် အစီရင်ခံစာသည် မြန်မာကုမ္ပဏီများ၊အစိုးရနှင့် ရန်ကုန်စတော့အိပ်ချိန်းသို့ အကြံပြုချက်များလည်း

မပြုလုပ်ပါ။ သို့သော် ၂၀၂၀ ခုနှစ် *ပွင့်သစ်စ* အစီရင်ခံစာ တွင်ပါဝင်သည့် ထုတ်ဖော်တင်ပြမှုအတွက် စည်းမျဉ်း စည်းကမ်းချမှတ်ထိန်းသိမ်းမှုမူဘောင်နှင့် ယခင်အကြံပြုချက်များ အပါအဝင် အကြောင်းအရာ အချက်အလက် အများစုမှာ ယခု ၂၀၂၂ ခုနှစ် အစီရင်ခံစာ ထုတ်ပြန်သည့်အချိန်အထိ သင့်လျော်နေဆဲ ဖြစ်ပါသည်။[10]

၂၀၂၃ ခုနှစ် တွင် MCRB နှင့် Yever တို့သည် ကုမ္ပဏီများအနေဖြင့် ၎င်းတို့၏ မူဝါဒ၊ အစီရင်ခံတင်ပြမှု၊ ထုတ်ဖော် တင်ပြမှုနှင့် ဝက်ဘ်ဆိုဒ်ကို မသန်စွမ်းသူများ အပါအဝင် ဝင်ရောက်လေ့လာနိုင်မှု ရှိရန် ဆောင်ရွက်လိုပါက အားပေးကူညီရန် ရည်ရွယ်ပြီး မြန်မာနိုင်ငံ ဒါရိုက်တာများအင်စတီကျူမှ ဆောင်ရွက်နေသည့် ကော်ပိုရိတ်စီမံ အုပ်ချုပ်မှုနှင့် သက်ဆိုင်သည့် သင်တန်းကို အားဖြည့်ပံ့ပိုးပေးရန် ရည်မှန်းပါသည်။ ဆက်လက်၍ *ပွင့်သစ်စ* အစီရင်ခံစာအသစ်ကို ၂၀၂၄ ခုနှစ်တွင် ထုတ်ပြန်ရန် ရည်ရွယ်ထားပါသည်။

10 *ပွင့်သစ်စ*/မြန်မာနိုင်ငံရှိ စီးပွားရေးလုပ်ငန်းများ၏ ပွင့်လင်းမြင်သာမှု ၂၀၂၀ အစီရင်ခံစာ၊ မြန်မာ့စီးပွားရေးကဏ္ဍ တာဝန်ယူမှု ရှိရေး အထောက်အကူပြုဌာန နှင့် Yever၊ ၂၀၂၀ ခုနှစ် ဒီဇင်ဘာလ ၃ရက်နေ့



## စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်း

—

မြန်မာကုမ္ပဏီများ၏ သတင်းအချက်အလက်များ ထုတ်ဖော်ကြေညာမှုအလေ့အကျင့်များ လျင်မြန်စွာ ပြောင်းလဲ လာသည်နှင့်အညီ ၎င်းနှင့်ဆီလျော်မှုရှိအောင် *ပွင့်သစ်*ထုတ်ဝေမှုတစ်ခုချင်းစီမတိုင်မီ စစ်တမ်းဆောင်ရွက်ပုံ နည်းလမ်းနှင့် ညွှန်းကိန်းများကို နှစ်စဉ်နှစ်တိုင်းပြန်လည် သုံးသပ်ပါသည်။ ၂၀၂၂ ခုနှစ် ထုတ်ဝေမှုအတွက် စံသတ်မှတ်ချက်အရေအတွက်နှင့် ၎င်းတို့၏ အမှတ်ပေးပုံအားလုံးနီးပါးသည် ၂၀၂၀ ခုနှစ်အစီအရင်ခံစာတွင် ပြုလုပ် ခဲ့သည်နှင့် တူညီပါသည်။ (ဇယားကွက် ၂ တွင်လေ့လာပါ) သို့သော်လည်း မဖြစ်မနေ တရားဝင်ထုတ်ပြန်ခြင်းနှင့် သဘော ဆန္ဒအလျောက် တရားဝင်ထုတ်ပြန်ခြင်းတို့၏ ကွာခြားချက်ကို ထည့်သွင်းစဥ်းစား၍ တစ်ချို့သော ပြောင်းလဲမှုများကို အကောင်ထည်ဖော်ဆောင်ရွက်ခဲ့သည်။

ယခင်ထုတ်ဝေမှုများကဲ့သို့ပင် ၂၀၂၂ ခုနှစ် ထုတ်ဝေမှုသည် သက်ဆိုင်ရာစံနှုန်းများကို အသုံးပြု၍ စနစ်တကျဖွဲ့စည်း တည်ဆောက်ထားပါသည်။ ထိုသက်ဆိုင်ရာစံနှုန်းများမှာ -

- ကော်ပိုရိတ်စီမံအုပ်ချုပ်မှုအတွင်း အကျိုးသက်ဆိုင်သူများ၏ အခန်းကဏ္ဍ၊ ထုတ်ဖော်ကြေညာမှုနှင့် ပွင့်လင်းမြင်သာမှု၊ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ အစရှိသည့် အကြောင်းအရာများအား ဦးစားပေး ထည့်သွင်းထားသော အာဆီယံ ကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း
- ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်းအားဦးစားပေး ထည့်သွင်းထားသော ကမ္ဘာ့ အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) စံသတ်မှတ်ချက်များနှင့် ပူးတွဲ အစီရင်ခံခြင်း ဆိုင်ရာ မူဘောင်

*ပွင့်သစ်* အစီရင်ခံစာ အမှတ်ပေးသည့်နည်းစနစ်သည် သိသာထင်ရှားသည့်မြန်မာကုမ္ပဏီများ၏ ကော်ပိုရိတ် ဆိုင်ရာ ထုတ်ဖော်ကြေညာမှု အရည်အသွေးကို အကဲဖြတ်ရန်ရည်ရွယ်သည်။

- **"အရည်အသွေး"** ဆိုသည်မှာ ကုမ္ပဏီတစ်ခုသည် ၎င်း၏မဟာဗျူဟာ၊ အုပ်ချုပ်မှု၊ စီမံခန့်ခွဲမှု နှင့်ပတ်ဝန်းကျင်၊ လူမှုရေးနှင့်စီမံအုပ်ချုပ်မှု (ESG) အကြောင်းအရာများနှင့် ပတ်သက်သော သတင်း အချက်အလက်များကို ပေးနိုင်သည့် စွမ်းရည်တစ်ခု အဖြစ်နားလည်နိုင်ပါသည်။ သို့သော်လည်း ယုံကြည် စိတ်ချရသည့် သတင်းများ ဟုတ်မဟုတ်နှင့် စစ်မှန်မှု ရှိ၊ မရှိကို အကဲဖြတ်ထားခြင်း မရှိပါ။
- **"ကော်ပိုရိတ်ဆိုင်ရာ ထုတ်ဖော်ကြေညာခြင်း"**သည် အများပြည်သူမှ လေ့လာနိုင်သော သတင်းအချက် များနှင့် သက်ဆိုင်သည်။ အများအားဖြင့် ဝက်ဘ်ဆိုက်များတွင် ဖော်ပြထားသော အချက်အလက်များ၊ စာရွက်စာတမ်းများ နှင့် သတင်းအချက်အလက်များကို ထည့်သွင်းစဥ်းစားသည့်အပြင် အခြားသော အွန်လိုင်းလူမှုရေးကွန်ယက် (Social Media) ကဲ့သို့သော ဆက်သွယ်ရေးလမ်းကြောင်းများမှ အချက်အလက်များကိုလည်း ထည့်သွင်းသုံးသပ်စဥ်းစားထားပါသည်။ အများပြည်သူအနေဖြင့် ဝင်ရောက်လေ့လာနိုင်မှု မရှိသော မည်သည့်အချက်အလက်ကို မဆို ထည့်သွင်းစဥ်းစားခြင်း၊ အကဲဖြတ် ခြင်းမရှိပါ။
- **"သိသာထင်ရှားသည့် မြန်မာကုမ္ပဏီများ"**သည် အောက်ပါအခြေအနေများမှ အနည်းဆုံးတစ်ခုနှင့် ပြည့်မီသည့် ကုမ္ပဏီများကို ဆိုလိုသည်။ ကုမ္ပဏီတစ်ခုသည် အောက်ဖော်ပြပါ အချက်များရှိပါက စစ်တမ်းတွင် ပါဝင်ပါသည်။
- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ

- မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ အသိအမှတ်ပြုထားသော အစုရှယ်ယာ ၁၀၀ နှင့်အထက်ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ
- ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံးပေးဆောင်သော ထိပ်တန်းကုမ္ပဏီ ၁၀၀
- ဘဏ်
- တွင်းထွက်လုပ်ငန်း၊ စွမ်းအင်လုပ်ငန်း၊ ဘဏ်လုပ်ငန်း သို့မဟုတ် ပို့ဆောင်ဆက်သွယ်ရေး လုပ်ငန်းကဏ္ဍတွင် လုပ်ကိုင်နေသည့် နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း
- အရှိန်အဝါကြီးမားသော ကုမ္ပဏီ
- *ပွင့်သစ်စ*တွင် ဆန္ဒအလျောက် ပါဝင်ချင်သည့် ကုမ္ပဏီ

**ဆန်းစစ်အကဲဖြတ်ခြင်း ဆိုင်ရာ စံသတ်မှတ်ချက်များ**

၂၀၂၂ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာသည် ကုမ္ပဏီများကို အကဲဖြတ်ရန် စံသတ်မှတ်ချက် ၁၅၁ ကိုအသုံးပြုသည်။ (နောက်ဆက်တွဲတွင်လေ့လာပါ) ထိုစံသတ်မှတ်ချက်များကို **ကော်ပိုရိတ်အကြောင်းအရာ၊ ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု၊ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှုနှင့် အစီရင်ခံခြင်း** ဟူ၍ ကဏ္ဍ၄ ခုဖြင့် ခွဲခြားသတ်မှတ် ထားပါသည်။

၂၀၁၉ ခုနှစ် နှင့် ၂၀၂၀ ခုနှစ်အစီရင်ခံစာ အပြီးတွင် ပုဂ္ဂလိကပိုင်ကုမ္ပဏီအချို့သည် အမှတ်ပေးစနစ်သည် စတော့ အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများအတွက်မဖြစ်မနေ ထုတ်ပြန်တင်ပြရမည့် သတင်း အချက်အလက်များကို လွှမ်းမိုးမှုရှိသဖြင့် ထိုကုမ္ပဏီများအတွက် အားသာချက်ရှိသည်ဟု ထင်မြင်ကြောင်း တုံ့ပြန်မှုများရှိခဲ့သည်။ ဆိုလိုသည်မှာ ကျွန်ုပ်တို့သည် ဥပဒေများ၊ စည်းမျဉ်းများနှင့် လိုက်နာရမည့် ကုမ္ပဏီများနှင့် သတင်းအချက်အလက်ကို ထုတ်ဖော်ကြေညာရန် ဆန္ဒအလျောက် ဆုံးဖြတ်ခဲ့သည့် ကုမ္ပဏီများ အားလုံးကို တစ်ပုံစံတည်းအတူတူ အကဲဖြတ်ခဲ့ခြင်းဖြစ်သည်။

၂၀၂၂ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် ကုမ္ပဏီအမျိုးအစားအားလုံးအနေဖြင့် စံသတ်မှတ်ချက် ၁၅၁ခုအနက် ၁၂၂ခုတွင် ရရှိသင့်သော အမှတ်များ တန်းတူညီတူ ရရှိနိုင်အောင် ပြင်ဆင်ထားသည်။ သို့သော် ကျန်ရှိသော အညွှန်းကိန်း ၂၉ ခုသည် ပုဂ္ဂလိကပိုင်ကုမ္ပဏီများနှင့် နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများမှ သတင်းအချက်အလက် များကို အမျိုးမျိုးသောဥပဒေနှင့်စည်းမျဉ်းဘောင်များ၏ လိုအပ်ချက်ဖြစ်နေခြင်းကြောင့်မဟုတ်ဘဲ ဆန္ဒအလျောက်ထုတ်ဖော်ခြင်းအတွက် အပိုဆောင်းအမှတ်များရရှိရန် အခွင့်အရေးပေးထားခြင်းဖြစ်သည်။ ထို့ကြောင့် ဤပွင့်သစ်စ အမှတ်ပေးစနစ်ကို အသုံးပြု၍ ထိုအုပ်စုရှိ ကုမ္ပဏီများအတွက် အမြင့်ဆုံးရနိုင်သော ရမှတ်မှာ ၁၈၄ မှတ် ဖြစ်သည်။

ဇယားကွက် ၂ သည် အမှတ်ပေးစနစ်တွင် အမျိုးအစားနှစ်ခုကြား၏ ခြားနားချက်များကို အကျဉ်းချုပ် ဖော်ပြထား သည်။

| အမျိုးအစား | နယ်ပယ် | ထုတ်ဖော်ကြေညာခြင်း | ကုမ္ပဏီ စွမ်းဆောင်ရည် | ထပ်ဆောင်း"ထုတ်ဖော်ကြေညာ ခြင်း" ရမှတ် | ထပ်ဆောင်း "ကုမ္ပဏီစွမ်းဆောင်ရည်" ရမှတ် | စုစုပေါင်း |
|---|---|---|---|---|---|---|
| **ဇယားကွက် ၂။ ၂၀၂၂ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာ အမှတ်ပေးစနစ်တွင် ပါရှိသည့် စံသတ်မှတ်ချက်များ** | | | | | | |
| **စတော့အိတ်ချိန်းစားရင်းဝင်ကုမ္ပဏီများ၊ အများပိုင်ကုမ္ပဏီများ၊ ဘဏ်များ၊ အာမခံကုမ္ပဏီများ** | ကော်ပိုရိတ် အကြောင်းအရာ | ၁၅ | ၉ | – | – | ၂၄ |
| | ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု | ၃၉ | ၆ | – | – | ၄၅ |
| | ရေရှည်တည်တံ့ ခိုင်မြဲရေး ဆိုင်ရာ စီမံခန့်ခွဲမှု | ၁၈ | ၂၅ | – | – | ၄၃ |
| | အစီရင်ခံခြင်း | ၁၁ | ၂၈ | – | – | ၃၉ |
| | **စုစုပေါင်း** | **၈၃** | **၆၈** | **၀** | **၀** | **၁၅၁** |
| **ပုဂ္ဂလိကပိုင် ကုမ္ပဏီများ၊ နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများ** | ကော်ပိုရိတ် အကြောင်းအရာ | ၁၃ | ၇ | ၂ | ၂ | ၂၄ |
| | ကော်ပိုရိတ်စီမံ အုပ်ချုပ်မှု | ၁၈ | ၂ | ၂၁ | ၄ | ၄၅ |
| | ရေရှည်တည်တံ့ ခိုင်မြဲရေး ဆိုင်ရာ စီမံခန့်ခွဲမှု | ၁၈ | ၂၅ | ၀ | ၀ | ၄၃ |
| | အစီရင်ခံခြင်း | ၁၁ | ၂၈ | ၀ | ၀ | ၃၉ |
| | **စုစုပေါင်း** | **၆၀** | **၆၂** | **၂၃** | **၆** | **၁၅၁** |

**အမှတ်ပေးခြင်း**

—

ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို "YES" ဆိုလျှင် (၁) မှတ်၊ "NO" ဆိုလျှင် (၀) မှတ်ဟု ညီမျှစွာ သတ်မှတ်ထားသည်။ အမှတ်တစ်မှတ်ရရန် ကုမ္ပဏီ၏ ထုတ်ဖော်ကြေညာမှုတစ်ခုသည် ရှင်းလင်း၍ ပြီးပြည့်စုံရမည်၊ ကုမ္ပဏီမှ တရားဝင် ထုတ်ပြန်ထားပြီးဖြစ်ရမည့်အပြင် အများပြည်သူ ဝင်ရောက်ဖတ်ရှုနိုင်ရန်လည်း လွယ်ကူ အဆင်ပြေရမည် ဖြစ်သည်။ ကုမ္ပဏီ၏ လက်ရှိအခြေအနေနှင့် ကိုက်ညီအောင် အချိန်နှင့် တစ်ပြေးညီ ဖော်ပြရမည်ဖြစ်ပြီး နှစ်ပတ်လည်အစီရင်ခံစာများအတွက်မှ သက်တမ်း ၂ နှစ်ထက် မကျော်ရန်လည်း လိုအပ်ပေ သည်။

ကုမ္ပဏီလုပ်ဆောင်ချက်နှင့် ပတ်သက်သော စံသတ်မှတ်ချက်တစ်ခုစီကို "YES" ဆိုလျှင် (၂) မှတ်၊ တိကျသော စံသတ်မှတ်ချက်များအတွက် - မေးခွန်း ၇၁၊ ၇၄၊ ၇၈၊ ၉၈ နှင့် ၉၉ တို့အတွက် ကုမ္ပဏီများ၏ လုပ်ထုံးလုပ်နည်းများ သည် အပြည်ပြည်ဆိုင်ရာ စံချိန်စံနှုန်း များနှင့် ကိုက်ညီမှုရှိ၊ မရှိကို အကဲဖြတ်ရန်အတွက် အမှတ်ပေး စနစ်တစ်ခုကို မိတ်ဆက်ခဲ့သည်။ ကုမ္ပဏီများတစ်ခုလုံးနှင့်သက်ဆိုင်သည့် လတ်တလောဆောင်ရွက် နေသည့် စီးပွားရေးဆိုင်ရာ သတင်းအချက်အလက်များကို ပါဝင်အောင် ထုတ်ပြန်ကြေညာပါက ကုမ္ပဏီနှင့်

သက်ဆိုင်သည့် အချက်အလက် တစ်စိတ်တစ်ပိုင်းသာ ထုတ်ပြန် ကြေညာ သည့်ကုမ္ပဏီ ထက် အမှတ်ပိုရသည်။ ။ စံသတ်မှတ်ချက် ၁၅၁ ချက်အနက် တစ်ချက်စီအတွက် ရမှတ်များကိုပေါင်း၍ ကုမ္ပဏီ၏ ရမှတ်စုစုပေါင်းကို တွက်ချက်ထားသည်။

**စစ်တမ်းတွင် ပါဝင်မည့် ကုမ္ပဏီများအား ရွေးချယ်ခြင်း**

—

၂၀၂၂ ခုနှစ် *ပွင့်သစ်စ* အစီရင်ခံစာတွင် ကုမ္ပဏီပေါင်း ၂၇၁ ခု ကို ရွေးချယ်ခဲ့ပြီး၊ ၎င်းတို့အနက်မှ ၃၁ ခုမှာ ဘဏ်များ ဖြစ်သည်။ ၎င်းတို့မှာ -

- ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ (၇) ခု၊ ထိုထဲမှ ၂ ခုသည် ဘဏ်များဖြစ်သည်။
- မြန်မာနိုင်ငံ ငွေချေးသက်သေခံ လက်မှတ်လုပ်ငန်း ကြီးကြပ်ရေးကော်မရှင် (SECM) မှ အသိအမှတ် ပြုထားပြီးစည်းကြပ်နေသည့် အစုရှယ်ယာ ၁၀၀ နှင့်အထက် ရှိသည့် အများနှင့်သက်ဆိုင်သော ကုမ္ပဏီ (၄၅) ခု[11] ၊ ယင်းအနက် ၈ ခုမှာ ဘဏ်များဖြစ်သည်။
- ပုဂ္ဂလိကပိုင် ကုမ္ပဏီများ (၁၉၁) ခု၊ ထိုထဲမှ ၁၇ ခုမှာ ဘဏ်လုပ်ငန်းဖြစ်သည်။ ၎င်းတို့သည် -
    - ပြည်တွင်းအခွန်များဦးစီးဌာနမှ ထုတ်ပြန်သော ဝင်ငွေခွန်နှင့် ကုန်သွယ်ခွန် အများဆုံး ပေးဆောင်သောမြန်မာလုပ်ငန်းရှင်များ (၁၀၀၀) စာရင်းတွင် ပါဝင်သည့် ကုမ္ပဏီများ (သို့မဟုတ်)
    - အရှိန်အဝါကြီးမားသောကုမ္ပဏီများ သို့မဟုတ်
    - ဆန္ဒအလျောက် အစီရင်ခံစာတွင် ပါဝင်ရန် တောင်းဆိုသူများ ဖြစ်သည်။
- နိုင်ငံပိုင်စီးပွားရေးလုပ်ငန်း (၂၈) ခုဖြစ်ပြီး၊ ယင်းအနက် ၄ ခုမှာ ဘဏ်လုပ်ငန်းများဖြစ်သည်။

**ကုမ္ပဏီများနှင့် လုပ်ငန်းစုများ**

—

မြန်မာနိုင်ငံတွင် ‘လုပ်ငန်းစု’ (Group) ဟူသော စကားလုံးကို တစ်သမတ်တည်း အဓိပ္ပာယ်သတ်မှတ်ထားခြင်း မရှိဘဲ အမျိုးမျိုး သုံးစွဲနေကြသည်ကို တွေ့ရှိနိုင်သည်။ အချို့သည် တရားဝင်ဥပဒေအရ လုပ်ငန်းစု အဖြစ် လျှောက်ထားပြီး လုပ်ငန်းလုပ်ကိုင်နေသလို အချို့မှာမူ လုပ်ငန်းစုအဖြစ် တရားဝင် မှတ်ပုံတင်ထားခြင်းမျိုး မဟုတ်သော်လည်း နာမည်အခေါ်အဝေါ်တွင် လုပ်ငန်းစုဟု ကိုယ်တိုင်သတ်မှတ်ပြီး လုပ်ငန်းအများအပြားကို အကြမ်းဖျင်းပူးပေါင်းဖွဲ့စည်းကာ လုပ်ဆောင်နေခြင်းမျိုးဖြစ်သည်။ လုပ်ငန်းစုအဖြစ် တရားဝင်မှတ်ပုံတင် ထားခြင်းမျိုးမရှိ၍ နာမည်အခေါ်အဝေါ်တွင် လုပ်ငန်းစုဟုသတ်မှတ်ထားသော ကုမ္ပဏီများကိုမူ ၎င်းတို့ အဖွဲ့အစည်းအား လုပ်ငန်းစုအနေနှင့်ဖြစ်စေ၊ လုပ်ငန်းတစ်ခုခြင်းအနေနှင့်ဖြစ်စေ မည်သို့အကဲဖြတ်ခံ လိုကြောင်းမေးမြန်းခဲ့သည်။ ဘဏ်များအားလုံးကိုမူ ၎င်းတို့နှင့် သက်ဆိုင်သော မည်သည့် 'အုပ်စု' ထဲတွင်မှ ထည့်သွင်းခြင်းမရှိပဲ သီးခြားစီအကဲဖြတ်ခဲ့ပါသည်။

11 ထိုစာရင်းအား secm.gov.mm/en/public-companies/ တွင်လေ့လာနိုင်ပါသည်။ ၂၀၂၂ ခုနှစ် *ပွင့်သစ်စ* အစီအရင်ခံစာသည် ၂၀၂၂ ခုနှစ်အစောပိုင်းတွင် ဤ SECM ၏ စာရင်းပါ ကုမ္ပဏီများကိုစစ်တမ်းကောက်ယူခဲ့သည်။

**ဆန်းစစ်အကဲဖြတ်သည့် အချိန်ကာလနှင့် ကုမ္ပဏီများနှင့် စေ့စပ်ဆွေးနွေးခြင်း**

—

- **၂၀၂၁ ခုနှစ် စက်တင်ဘာလ** - စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းအား မိတ်ဆက်ရှင်းလင်းတင်ပြသော အွန်လိုင်းအစည်းအဝေးပွဲ (webinar) ကိုကျင်းပခဲ့သည်။ မကျင်းပမီတွင် MCRB နှင့် Yever တို့၏ အများသူငှာ ဆက်သွယ်ရေးနည်းလမ်းအမျိုးမျိုးမှ ကြိုတင်ကြေညာထားကာ ၂၀၂၂ ခုနှစ် *ပွင့်သစ်စ*တွင် ဆန်းစစ်အကဲဖြတ်မည့် ကုမ္ပဏီများကိုလည်း အများသူငှာရရှိနိုင်သည့် သတင်းအချက်အလက်များမှ သိရှိထားသော လိပ်စာများနှင့် အီးမေးလ်များ အသုံးပြု၍ ဖိတ်ကြားလွှာများကို ပေးပို့ဆက်သွယ်ခဲ့ပါသည်။
- **၂၀၂၁ ခုနှစ် အောက်တိုဘာလ** - အများပြည်သူရရှိနိုင်ရန် ထုတ်ဖော်ထားသော သတင်းအချက်အလက် များကိုအသုံးပြု၍ ပထမအကြိမ် စီစစ်အကဲဖြတ်ခြင်းအား ဆောင်ရွက်ခဲ့သည်။
- **၂၀၂၂ ခုနှစ် ဇန်နဝါရီလ** - ရမှတ်မူကြမ်းများကို ကုမ္ပဏီများသို့ မိတ္တူနှင့် အီးမေးလ်ကို မျှဝေ ပေးပို့ခဲ့ပါသည်။
- **၂၀၂၂ ခုနှစ် ဖေဖော်ဝါရီလ** - ကုမ္ပဏီများအား ဖိတ်ကြားပြီး ရမှတ်များနှင့် ပတ်သက်၍ ဆွေးနွေးရန် အွန်လိုင်းအစည်းအဝေးပွဲ (webinar) တစ်ခုကို ကျင်းပခဲ့သည်။ ရမှတ်မူကြမ်းများနှင့် ပတ်သက်၍ သော်လည်းကောင်း၊ ၎င်းတို့၏ ထုတ်ဖော် ကြေညာချက်များနှင့် ပတ်သက်၍ တိုးတက်အောင် မည်သို့ လုပ်ဆောင်ရမည်နှင့်ဆိုင်သည့် တိကျသော အကြံပြုချက်များနှင့်စပ်လျဉ်း၍ ဆက်သွယ် ဆွေးနွေးရန် ကမ်းလှမ်းချက်များ ပြုလုပ်ခဲ့ပါသည်။ ကုမ္ပဏီ (၃၉) ခုမှ စီစစ်အကဲဖြတ်သည့်အဖွဲ့[12] သို့ ဆက်သွယ်ဆွေးနွေး၍ အကြံပြုချက်များကို လက်ခံခဲ့ပါသည်။
- **၂၀၂၂ ခုနှစ် မေလ** - သတင်းအချက်အလက်များကို နောက်ဆုံးထားထုတ်ဖော်ပြသရမည့် အချိန်ကာလ ဖြစ်ပါသည်။ သို့သော်လည်း ဝက်(ဘ်)ဆိုဒ် မွမ်းမံပြင်ဆင်ခြင်းနှင့် ဆန္ဒအလျောက်ပါဝင်ရန် ဆုံးဖြတ်ချက် များချထားမှု နောက်ကျခြင်းများကြောင့် အချိန်ပိုတောင်းဆိုသော ကုမ္ပဏီများအား ခြွင်းချက် အနေဖြင့် သုံးလအထိ ထပ်မံ စောင့်ဆိုင်းပေးခဲ့ပါသည်။
- **၂၀၂၂ ခုနှစ် ဒီဇင်ဘာလ** - Yever မှ အမှတ်စာရင်းများကိုဆန်းစစ်ခြင်းအား အပြီးသတ်ခဲ့သည့်လ ဖြစ်ပါသည်။ Yever ၏ ဝန်ဆောင်မှုများအား ရယူနေသည့် ကုမ္ပဏီများ၏ ရမှတ်များကို အကျိုးအမြတ် ဆိုင်ရာ အငြင်းပွားဖွယ် ကိစ္စရပ်များ မဖြစ်ပေါ်စေရန်အတွက် MCRB မှ ထပ်မံအတည်ပြု စစ်ဆေးပေးခဲ့ပါသည် (ဇယား ၁ တွင်လေ့လာနိုင်ပါသည်)။ ထိုသို့ စစ်ဆေးရာတွင် မည်သည့် ကွာဟချက် ကိုမှ မတွေ့ရှိခဲ့ပါ။

12 MCRB/Yever နှင့် တွေ့ဆုံဆွေးနွေးခဲ့သည့် ကုမ္ပဏီများမှာ A Bank, Amata Holding Public, Asia World, Authentic Group, AYA Bank, Ayeyar Hinthar, AYA Sompo, City Mart Holding, Dagon Group, Europe & Asia Commercial, Ever Flow River, Excellent Fortune Development, First Myanmar Investment Public (FMI), First Private Bank, Kanbawza Bank, IKBZ Insurance, KMD, Maha Agriculture Microfinance, Mandalay Myotha Industrial Development Public, Max Myanmar, Mya Ayer, Myanma Awba, Myanma Tourism Bank, Myanmar Oriental Bank, Myanmar Thilawa SEZ Holdings Public, Myeik Public Corporation, Peace Myanmar Group, Proven Group, Shwe Bank, Shwe Taung, Smart Technical Services, SME Development Bank, Suntac Engineering & Construction, Supreme Group, TMH, uab, UPG, Zaw Gyi Premier, Zega Finance ဖြစ်ပါသည်။

### သုတေသနစစ်တမ်း ဆောင်ရွက်ပုံနည်းလမ်း၏ ကန့်သတ်ချက်များ

—

ကော်ပိုရိတ်စီမံအုပ်ချုပ်မှု အကဲဖြတ်ဆန်းစစ်ခြင်းဆောင်ရွက်ရာတွင် အများပြည်သူဝင်ရောက်ဖတ်ရှုနိုင်သော သတင်းအချက်အလက်များပေါ်တွင်သာ အခြေခံ၍ အမှတ်ပေးသော သဘောသဘာဝကြောင့် မြန်မာကုမ္ပဏီ များအား အမှတ်အဆင့် သတ်မှတ်ရာတွင် ကန့်သတ်ချက်များရှိခဲ့သည်။ ဤသုတေသန စစ်တမ်းဆောင်ရွက်ပုံ သည် အင်တာနက်မှ သတင်းအချက်အလက်များကိုမည်မျှ ရရှိနိုင်မှုနှင့် လုံလောက်သော ရှင်းလင်း ပြည့်စုံမှု ရှိမရှိကိုသာ ရိုးရှင်းစွာ အကဲဖြတ်ဆန်းစစ်ထားခြင်းဖြစ်သည်။ စစ်တမ်းဆောင်ရွက်ပုံနည်းလမ်းသည် အင်တာနက် မှတစ်ဆင့် အများပြည်သူ ဝင်ရောက်လေ့လာနိုင်သော သတင်းအချက်အလက်များပေါ်တွင် အခြေခံသောကြောင့် အများ  ပြည်သူ လက်လှမ်းမမီသော ပုံနှိပ်အနေဖြင့်သာ ရရှိနိုင်သော မူဝါဒများ (သို့မဟုတ်) အစီရင်ခံစာများကို အမှတ် မပေးပါ။ ထို့အပြင် အထူးသဖြင့် အထက်တွင်ဖော်ပြထားသော အမှတ်ပေးစနစ် မိတ်ဆက်မှုမှ တစ်ဆင့် ၂၀၂၂ ခုနှစ် *ပွင့်သစ်စ*အစီရင်ခံစာသည် မူဝါဒများအား အကောင်အထည်ဖော်ထားရှိမှုနှင့် အသုံးပြုထားသော အလေ့အကျင့် များ၏ အရည်အသွေးတို့အား စံနှုန်းသတ်မှတ်ရန် ကြိုးစားဆောင်ရွက်ခဲ့သော်လည်း ယုံကြည်ရသော စာရင်းစစ်၏ စာရင်းစစ်ထားခြင်းမရှိလျှင် ထိုသတင်းအချက်အလက်များ၏ ခိုင်မာမှုသည် ကိုယ်တိုင်ထုတ်ဖော် ကြေညာချက်များတွင်သာ မူတည်လျက် ရှိပါသည်။

### ရလဒ်များ

—

ဇယားကွက် ၃ တွင် စမ်းစစ်ထားသော ကုမ္ပဏီ ၂၇၁ ခုအနက် ရမှတ်အများဆုံး ထိပ်တန်း ကုမ္ပဏီအခု ၃၀ ကို ဖော်ပြထားသည်။

### ထုတ်ဖော်မှု အရည်အသွေး တိုးတက်ခဲ့သည်။

—

ပျမ်းမျှအားဖြင့် ကုမ္ပဏီ ၂၇၁ ခု၏ ပျမ်းမျှရလဒ်မှာ ၂၀၂၂ ခုနှစ်တွင် ၈ ရာခိုင်နှုန်းဖြစ်သည်။ ၂၀၂၀ ခုနှစ်တွင်မူ ၇ ရာခိုင်နှုန်းဖြစ်သည်။ (ဇယားကွက် ၂ ကိုလေ့လာပါ။) နိုင်ငံပိုင် စီးပွားရေးလုပ်ငန်းများနှင့် အများပိုင်ကုမ္ပဏီများမှ လွဲ၍ ကုမ္ပဏီအမျိုးအစားအားလုံး၏ ပျမ်းမျှရလဒ်မှာ ၂၀၂၀ ခုနှစ်နှင့် ၂၀၂၂ ခုနှစ်ကိုယှဉ်လျှင် တိုးတက်အောင် ဆောင်ရွက်နိုင်ခဲ့ကြသည်။ နိုင်ငံပိုင်စီးပွားရေးလုပ်ငန်းများမှာ ကုမ္ပဏီအမျိုးအစား အမျိုးမျိုးအနက် ယနေ့ချိန် အထိ စွမ်းဆောင်နိုင်မှု အားအနည်းဆုံး အဖြစ် ရှိနေသေးသည်။

၂၀၂၂ ခုနှစ်တွင် ပိုမိုများပြားသော ကုမ္ပဏီများကို လေ့လာစမ်းစစ်ခဲ့သည့်အတွက် ကုမ္ပဏီအားလုံး၏ ပျမ်းမျှရလဒ် ၁ ရာခိုင်နှုန်း တိုးလာခြင်းသည် အသိအမှတ်ပြုဖွယ်ဖြစ်သည်။ ၂၀၂၂ ခုနှစ်၏ စစ်တမ်းမေးခွန်းမှာလည်း စိန်ခေါ်မှု များသော စစ်တမ်းမေးခွန်းဖြစ်သည်။ ဤသည်ကို မီးမောင်းထိုးပြနေသော အချက်မှာ ၂၀၂၀ ခုနှစ်နောက်ပိုင်းတွင် ပွင့်လင်းမြင်သာမှုကို တိုးတက်အောင် ဆောင်ရွက်ခြင်းမရှိသော ကုမ္ပဏီများမှာ ပျမ်းမျှအားဖြင့် ၂၅ မှတ်လျော့နည်း သွားခြင်းဖြစ်သည်။


ထို့အပြင် ကုမ္ပဏီများအနေဖြင့် ၂၀၂၁ နှင့် ၂၀၂၂ ခုနှစ်တို့တွင် အမျိုးစုံသော စိန်ခေါ်မှုများနှင့် ရင်ဆိုင်ကြုံတွေ့ ရသော်လည်း စွမ်းဆောင်ရည်အကောင်းဆုံး ထိပ်တန်း ကုမ္ပဏီ ၁၀ ခု၏ ပျမ်းမျှရလဒ်မှာ ၇၀ ရာခိုင်နှုန်းမှ ၇၃ ရာခိုင်နှုန်းသို့ တိုးတက်လာခဲ့သည်။ ၂၀၂၂ ခုနှစ်၏ စွမ်းဆောင်ရည်အကောင်းဆုံး ထိပ်တန်း ကုမ္ပဏီ၏ ရလဒ်မှာ ၈၉ ရာခိုင်နှုန်း (CMHL) ဖြစ်သည်။ (၂၀၂၀ ခုနှစ်တွင် uab မှ ၉၆ ရာခိုင်နှုန်းရရှိခဲ့သည်။ ပွင့်လင်းမြင်သာမှုနှင့် ပတ်သက် ပြီး မဖြစ်မနေ စည်းမျဉ်းဥပဒေများ လိုက်နာ၍ ထုတ်ဖော်ကြေညာရန်မလိုသော ပုဂ္ဂလိက ကုမ္ပဏီများ အား အပိုဆောင်းအမှတ်ပေးသော အမှတ်ပေးနည်းစနစ် အပြောင်းအလဲရှိရာ uab မှာ ဘဏ်ဖြစ်သောကြောင့် အမှတ်လျော့နည်းခဲ့ခြင်းဖြစ်သည်။)

ဇယားကွက် ၃ - ၂၀၂၂ ခုနှစ် ပွင့်သစ်စအစီရင်ခံစာတွင် ရမှတ်အများဆုံး ထိပ်တန်း ကုမ္ပဏီ အခု ၃၀

| 2022 Rank | 2020 Rank | Company Name | Type | Corporate Profile | Corporate Governance | Sustainability Management | Reporting | SCORE |
|---|---|---|---|---|---|---|---|---|
| 1 | 2 | CITY MART HOLDING (CMHL) | PR | 93% | 145% | 84% | 73% | 89% |
| 2 | 1 | UAB BANK | PR | 73% | 90% | 85% | 81% | 82% |
| 2 | 5 | FIRST MYANMAR INVESTMENT (FMI) | L | 100% | 84% | 88% | 66% | 82% |
| 4 | 6 | MAX MYANMAR GROUP | PR | 96% | 164% | 60% | 65% | 79% |
| 5 | 3 | SHWE TAUNG GROUP | PR | 74% | 91% | 72% | 75% | 75% |
| 6 | 20 | MAHA AGRICULTURE MICROFINANCE | PR | 85% | 118% | 60% | 54% | 68% |
| 7 | 4 | YOMA BANK | PR | 79% | 67% | 55% | 73% | 66% |
| 7 | 7 | KBZ BANK | PR | 79% | 76% | 56% | 65% | 66% |
| 9 | 29 | MYANMA AWBA GROUP | PR | 81% | 77% | 55% | 67% | 65% |
| 10 | 11 | MYANMAR AGRO EXCHANGE PUBLIC (MAEX) | P | 76% | 75% | 51% | 50% | 60% |
| 11 | 9 | TMH TELECOM PUBLIC | L | 100% | 53% | 32% | 67% | 58% |
| 12 | 12 | KMD | PR | 96% | 82% | 35% | 36% | 49% |
| 13 | 18 | PROVEN GROUP | PR | 70% | 95% | 37% | 34% | 47% |
| 14 | 25 | AYEYARWADY BANK (AYA BANK) | PR | 52% | 45% | 37% | 56% | 46% |
| 15 | 8 | MYANMAR THILAWA SEZ HOLDINGS (MTSH) | L | 64% | 55% | 42% | 27% | 43% |
| 16 | 15 | ALPHA POWER ENGINEERING | PR | 56% | 23% | 32% | 47% | 39% |
| 16 | 10 | DAGON GROUP | PR | 85% | 55% | 41% | 15% | 39% |
| 16 | 17 | IGE GROUP | PR | 70% | 105% | 29% | 16% | 39% |
| 19 | 23 | AUTHENTIC GROUP | PR | 67% | 59% | 26% | 34% | 38% |
| 20 | 13 | SMART TECHNICAL SERVICES | PR | 56% | 55% | 29% | 30% | 36% |
| 21 | 26 | AMATA HOLDING PUBLIC | L | 79% | 53% | 16% | 14% | 33% |
| 21 | 36 | MYA AYER | PR | 74% | 27% | 26% | 27% | 33% |
| 21 | 16 | MYAN SHWE PYI TRACTORS (MSP CAT) | PR | 59% | 23% | 24% | 37% | 33% |
| 24 | 24 | EVER FLOW RIVER (EFR) | L | 58% | 35% | 34% | 17% | 32% |
| 25 | 33 | GREAT HOR KHAM | P | 61% | 49% | 18% | 17% | 31% |
| 26 | 21 | MYANMAR AGRIBUSINESS PUBLIC CORPORATION (MAPCO) | P | 48% | 27% | 30% | 14% | 27% |
| 27 | 49 | MANDALAY MYOTHA INDUSTRIAL DEVELOPMENT | P | 73% | 27% | 14% | 10% | 24% |
| 28 | 19 | GRAND GUARDIAN INSURANCE | PR | 36% | 16% | 21% | 27% | 23% |
| 28 | 28 | AYEYARWADDY FARMERS' DEVELOPMENT BANK (A BANK) | P | 30% | 22% | 21% | 24% | 23% |
| 30 | 31 | UNITED PAINTS GROUP (UPG) | PR | 41% | 18% | 14% | 25% | 22% |

ပုံ ၂

## ၂၀၁၉ ခုနှစ်၊ ၂၀၂၀ ခုနှစ် နှင့် ၂၀၂၂ ခုနှစ် အစီရင်ခံစာများတွင် ပျမ်းမျှအမှတ်များ တိုးတက်ပြောင်းလဲလာပုံ




**အသေးစား၊ အလတ်စား စီးပွားရေးလုပ်ငန်းများအတွက် ပွင့်လင်းမြင်သာမှုသည် စိန်ခေါ်မှုတစ်ရပ်မဖြစ်သင့်ပါ။**

—

ဆန္ဒအလျောက် ပါဝင်သော ကုမ္ပဏီ ၂၀ ခုမှာ အခြားမဟုတ်ဘဲ ပုဂ္ဂလိကပိုင် အသေးစား၊ အလတ်စား စီးပွားရေး များဖြစ်သည်။ ၎င်းတို့အနက် ကုမ္ပဏီ ၄ ခုမှာ စွမ်းဆောင်ရည် အကောင်းဆုံး ကုမ္ပဏီ အခု ၂၀ စာရင်းတွင် ပါဝင် သည်။ ဤသည်ကို ကြည့်ခြင်းဖြင့် မြန်မာနိုင်ငံရှိ အရွယ်အစားအမျိုးမျိုးသော ကုမ္ပဏီများသည် *ပွင့်သစ်စ*၊ Myanmar Institute of Directors (MIOD) နှင့် Myanmar Private Equity and Venture Capital Association (MPEVCA) အစရှိသည့်တို့မှ တိကျရှင်းလင်းသော လမ်းညွှန်မှုနှင့် အထောက်အပံ့များရှိပါက ကောင်းမွန်သော စီမံ အုပ်ချုပ်ရေးနှင့် ကော်ပိုရိတ်ပွင့်လင်းမြင်သာမှုဆိုင်ရာ အလေ့အထများကို လက်ခံကျင့်သုံးနိုင်သည်ကို ဖော်ပြ နေသည်။[13] ပွင့်လင်းမြင်သာမှုကို လုပ်ငန်းစတင်ဆောင်ရွက်သည့်အဆင့်တွင် သေချာအောင် ဆောင်ရွက်ထားခြင်းသည် အနာဂတ်တွင် လုပ်ငန်းတိုးတက်နိုင်ရန်အတွက် ရင်းနှီးမြှုပ်နှံသူများမှ "သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင် နှင့် စီမံအုပ်ချုပ်မှု" ဆိုင်ရာ ရင်းနှီးမြှုပ်နှံမှုနှင့် အစီရင်ခံခြင်းကို အာရုံစိုက်၊ အလေးပေးလာသောအခါ ဘဏ္ဍာငွေဖူလုံ ရေးအတွက် အရေးပါသော အကြောင်းအချက်ဖြစ်လာနိုင်သည်။

13 အသေးစိတ်အချက်အလက်များအတွက် myanmariod.com နှင့် mpevca.org ကိုလေ့လာနိုင်သည်။

**ဘဏ်များအနေဖြင့် စည်းမျဉ်းဥပဒေများအား အပြည့်အဝ လိုက်နာခြင်းကို ပိုမိုအားစိုက်ရန် လိုအပ်သည်။**
—

ပုဂ္ဂလိက ဘဏ် ၃ခု (uab၊ Yoma နှင့် KBZ) သည် ယခုနှစ်တွင်လည်း စွမ်းဆောင်ရည် အကောင်းဆုံး ထိပ်တန်း ကုမ္ပဏီ ၁၀ ခုစာရင်းတွင် ပါဝင်လာသည်။ ပိုမို တင်းကြပ်ထားသော အမှတ်ပေးနည်းစနစ်ဖြစ် သော်လည်း ဘဏ်များ၏ ပျမ်းမျှအမှတ်မှာ ၁၂ ရာခိုင်နှုန်းမှ ၁၃ ရာခိုင်နှုန်းအထိ အနည်းငယ်တိုးတက်လာခဲ့သည်။ သို့ရာတွင် ဘဏ်များအားလုံးအနေဖြင့် ဘဏ္ဍာရေးအဖွဲ့အစည်းများဆိုင်ရာ ဥပဒေအောက်ရှိ စည်းမျဉ်း၊ ဥပဒေအားအလားတူ လိုက်နာရန် လိုအပ်သော်လည်း ဘဏ်များ၏ စုစုပေါင်းရမှတ်မှာ သုည ရာခိုင်နှုန်းမှ ၈၂ ရာခိုင်နှုန်း (uab) အထိရှိသည်။

မြန်မာ့ဗဟိုဘဏ်မှ ဘဏ်များအားလုံးအား နှစ်ပတ်လည် အစီရင်ခံစာနှင့် စာရင်းစစ်ပြီး ဘဏ္ဍာရေး အချက် အလက်များထုတ်ပြန်ရန် ညွှန်ကြားထားသော ညွှန်ကြားချက် ၁၀/၂၀၁၉ ထုတ်ပြန်ပြီး သုံး နှစ်ကြာသည်အထိ ဘဏ်အများစုမှာ ဤညွှန်ကြားချက်အားလိုက်နာခြင်းမရှိသေးပါ။ ထိုဘဏ်များတွင် SECM မှ သတင်းအချက် အလက်ထုတ်ဖော်ကြေညာမှုဆိုင်ရာ စည်းမျဉ်း၊ ဥပဒေများအား လိုက်နာရန် လိုအပ်သော ရှယ်ယာရှင်ဦးရေ ၁၀၀ ဦး အထက်ရှိသော အများပိုင်ဘဏ်များလည်း ပါဝင်သည်။

**စည်းမျဉ်း၊ ဥပဒေချမှတ်သူများအနေဖြင့် ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်၍ တိုက်တွန်းသင့်ပြီး စည်းမျဉ်းဥပဒေလိုက်နာရန် အားပေးလှုံ့ဆော်သင့်သည်။**
—

ရန်ကုန်စတော့အိတ်ချိန်းတွင် စာရင်းဝင်ထားသော ကုမ္ပဏီ ၇ ခုအနက် ၅ခုနှင့် SECM ၏ ကြီးကြပ်ကွပ်ကဲမှုအောက် တွင်ရှိသော ရှယ်ယာရှင်ဦးရေ ၁၀၀ အထက်ရှိသော အများပိုင်ကုမ္ပဏီ ၄၅ ခုအနက် ၅ ခု သာလျှင် စွမ်းဆောင်ရည် အကောင်းဆုံး ထိပ်တန်းကုမ္ပဏီ အခု ၃၀ စာရင်းတွင် ပါဝင်သည်။ (အသေးစိတ်ကို ဇယားကွက် ၃ ကို လေ့လာပါ။) ထိုတွေ့ရှိချက်များမှာ Securities and Exchange Commission of Myanmar (SECM) ၏ တတိယအကြိမ်မြောက် နှစ်ပတ်လည်အစီရင်ခံစာနှင့် လိုက်လျောညီထွေမှုရှိသည်။[14] ဤသည်မှာ အစဉ်တစိုက် ထုတ်ဖော်ကြေညာမှုနှင့် ပတ်သက်သည့် ညွှန်ကြားချက် ၁/၂၀၁၆ ကို ၁၄ ရာခိုင်နှုန်းသော ရန်ကုန်စတော့အိတ်ချိန်းစာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများသာလျှင် အပြည့်အဝလိုက်နာကြောင်း တွေ့ရှိရသည်။ ဒုတိယအကြိမ်အနေဖြင့် SECM မှ ကုမ္ပဏီတစ်ခုချင်း၏ စည်းမျဉ်းဥပဒေလိုက်နာမှုအဆင့်ကို “ကောင်းမွန်သည်။”၊ “လက်ခံနိုင်သည့် အနေအထား ဖြစ်သည်။” (သို့မဟုတ်) “မလုံလောက်ပါ။” အစရှိသဖြင့် အဆင့်သတ်မှတ်အကဲဖြတ်ခဲ့သည်။ ၎င်းတို့အနေဖြင့် ကြီးကြပ်ကွပ်ကဲနေရသော ကုမ္ပဏီများအား ပွင့်လင်းမြင်သာမှုနှင့် ပတ်သက်သည့် သင့်တင့်လျောက်ပတ်၍ ရှင်းလင်းသော လမ်းညွှန်မှုများ ပေးသင့်ပြီး စည်းမျဉ်း၊ ဥပဒေသတ်မှတ်သူများမှ ချမှတ်ထားသော စည်းမျဉ်းဥပဒေများအား လိုက်နာကျင့်သုံးရန် အားပေးတိုက်တွန်းသင့်သည်။

**ပိုမိုကောင်းမွန်သော အလေ့အကျင့်များ ရရှိစေရန် အပြန်အလှန်ဆွေးနွေးမှုသည် အလွန်အရေးကြီးသည်။**
—

MCRB နှင့် Yever သည် ပထမနှင့် ဒုတိယအကြိမ်အကဲဖြတ်ချက်များအကြားတွင် ကုမ္ပဏီ ၃၉ ခုအား တွေ့ဆုံရန် အချိန်ပေးခဲ့ပြီး ထိုတွေ့ဆုံဆွေးနွေးမှုမှ ရရှိခဲ့သည့် အကြံပြုချက်များကြောင့် ၎င်းတို့၏ ကော်ပိုရိတ်ဆိုင်ရာ ပွင့်လင်း မြင်သာမှုမှာ တိုးတက်လာခဲ့သည်။ ပျမ်းမျှအားဖြင့် ဤကုမ္ပဏီများ၏ ရမှတ်သည် ကနဦး ၂၂ ရာခိုင်နှုန်းမှ နောက်ဆုံး တွင် ၃၄ ရာခိုင်နှုန်းသို့ တိုးတက်ခဲ့သည်။ ဆန္ဒအလျောက်ပါဝင်ခဲ့သော ကုမ္ပဏီတစ်ခုဖြစ်သည့် Authentic Group သည် ၁၈၄ ရာခိုင်နှုန်းအထိ တိုးတက်ခဲ့ပြီး အခြားတစ်ခုဖြစ်သည့် Mya Ayer သည် ၁၁၀ ရာခိုင်နှုန်းတိုးတက်ခဲ့သည်။ အပြန်အလှန်ဆွေးနွေးမှုများကြောင့် အခြားသော ကုမ္ပဏီ ၁၀ ခု၏ ရလဒ်မှာ အနည်းဆုံး ၂ ဆ တိုးတက်လာကြောင်း တွေ့ရသည်။

14 Securities and Exchange Commission Annual Report, 2022

**ပွင့်လင်းမြင်သာမှုအတွက် ထုတ်ဖော်ကြေညာရာတွင် မဟာဗျူဟာကျကျ ဆောင်ရွက်သင့်ပြီး အရေးကြီးသော သတင်းအချက်အလက်များကို ပိုမို အာရုံစိုက်၍ ထုတ်ဖော်ကြေညာရန် လိုအပ်သည်။**

ကုမ္ပဏီများ၏ ၃ ရာခိုင်နှုန်းသာလျှင် ၎င်းတို့၏ ရည်မှန်းချက်နှင့် ထိုရည်မှန်းချက်များကို မည်သို့ အောင်မြင်အောင် လုပ်ဆောင်မည်ကို ရှင်းလင်းစွာ ရှင်းပြနိုင်ခဲ့သည်။ အလားတူစွာပင် ကုမ္ပဏီများ၏ ၆ ရာခိုင်နှုန်းသာလျှင် ဆုံးရှုံးနိုင်ခြေ အန္တရာယ်များကို မည်သို့ ကိုင်တွယ်ဖြေရှင်းနေကြောင်းကို အသေးစိတ်ဖော်ပြထားသည်။ သို့သော် ၂ ရာခိုင်နှုန်းသောကုမ္ပဏီများမှသာလျှင် စီးပွားရေးဆိုင်ရာ ကိစ္စရပ်များ သို့မဟုတ် ဦးစားပေးဆောင်ရွက်မှုများနှင့် ပတ်သက်သည့် ရလဒ်များကို ရှင်းရှင်းလင်းလင်းဖော်ပြထားသည့် materiality analysis တစ်ခု ထုတ်ဖော် ကြေညာခဲ့သည်။ ထိုအရာများသည် အစုရှယ်ယာရှင်များနှင့် ဈေးကွက်တွင် ပါဝင်လုပ်ကိုင်နေသူများ အတွက် မရှိမဖြစ်လိုအပ်သော အရာများဖြစ်သောကြောင့်  ရန်ကုန်စတော့အိတ်ချိန်း စာရင်းဝင် ကုမ္ပဏီများနှင့် အများပိုင် ကုမ္ပဏီများသည် ယင်းကိစ္စရပ်များနှင့် စပ်လျဥ်း၍ ၎င်းတို့၏ ထုတ်ဖော်ကြေညာချက်များကို တိုးတက်အောင် လုပ်ဆောင်သင့်သည်။

ထုတ်ဖော်ကြေညာချက်များသည် ၎င်းတို့၏ နက်ရှိုင်းခြင်းနှင့် ပြည့်စုံမှုတို့အပေါ် မူတည်၍ ကွဲပြားခြားနားသည်။ ကော်ပိုရိတ်စီမံအုပ်ချုပ်မှုတွင် ၂၆ ရာခိုင်နှုန်းက ၎င်းတို့တွင် ဒါရိုက်တာဘုတ်အဖွဲ့ရှိကြောင်းဖော်ပြခဲ့သော်လည်း ၂၂ ရာခိုင်နှုန်းကသာ ဒါရိုက်တာအရေအတွက်၊ ၁၃ ရာခိုင်နှုန်းကသာ ဘုတ်အဖွဲ့၏တာဝန် ဝတ္တရားများနှင့် ၈ ရာခိုင်နှုန်း ကသာ ဥက္ကဋ္ဌ၏ တာဝန်များကိုထုတ်ဖော် ကြေညာခဲ့သည်။

**ပိုမိုများပြားသော ကုမ္ပဏီများသည် အပြည်ပြည်ဆိုင်ရာ အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များနှင့် စံနှုန်းများအား အသုံးပြုလာကြသည်။**

ကုမ္ပဏီများသည် တောင့်တင်းခိုင်မာမှုရှိသည့် အပြည်ပြည်ဆိုင်ရာ အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များကို အသုံးပြု သင့်ပြီး အခြားမြန်မာကုမ္ပဏီများနှင့် နှိုင်းယှဉ်နိုင်သည့် စွမ်းဆောင်ရည်ဖြစ်အောင် ပံ့ပိုးပေးသင့်သည်။ အောက်ပါ ဇယားတွင် စံနှုန်းများအရ တိုးတက်ပြောင်းလဲလာပုံကို ဖော်ပြထားသည်။

**ဇယားကွက် ၄ - အပြည်ပြည်ဆိုင်ရာ စံနှုန်းများကို လိုက်နာကျင့်သုံးသော ကုမ္ပဏီအရေအတွက် တိုးတက်ပြောင်းလဲလာမှု**

| | ခုနှစ် ၂၀၂၀ | ခုနှစ် ၂၀၂၂ | အပြောင်းအလဲ |
|---|---|---|---|
| စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) | ၂၃ | ၂၈ | +၅ |
| အာဆီယံကော်ပိုရိတ်စီမံအုပ်ချုပ်မှုရမှတ်မှတ်တမ်း (ACGS) | ၉ | ၁၈ | +၉ |
| ကမ္ဘာ့အဆင့်အစီရင်ခံခြင်း ကနဦးဆောင်ရွက်ချက် (GRI) | ၉ | ၁၂ | +၃ |
| ပူးတွဲအစီရင်ခံခြင်းဆိုင်ရာမူဘောင် <IR> | ၂ | ၄ | +၂ |
| Sustainability Accounting Standards Board (SASB)[15] | ၂ | ၃ | +၁ |

15 SASB သည် ယခုတွင် International Financial Reporting Standards (IFRS) Foundation၏ တစ်စိတ်တစ်ပိုင်းဖြစ်လာပြီဖြစ်သည် SASB စံနှုန်းများသည် ရေးဆွဲလျက်ရှိသော IFRS Sustainability Disclosure Standards များတွင် ပါဝင်လာမည်ဖြစ်သည်။

စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး ရည်မှန်းချက်ပန်းတိုင်များ (SDGs) သည် ကုမ္ပဏီများ အနေဖြင့် (ကုလသမဂ္ဂ ကမ္ဘာလုံးဆိုင်ရာ သဘောတူညီချက်ထက်စာလျှင်)[16] အများစု လက်ခံကျင့်သုံးသော မူဘောင်ဖြစ်နေဆဲဖြစ်သည်။ အနည်းငယ်သော ကုမ္ပဏီများသည် ပိုမိုကျစ်လျစ်သော အစီရင်ခံခြင်းဆိုင်ရာ မူဘောင်များဖြစ်သော GRI၊ <IR> သို့မဟုတ် SASB တို့ကို လိုက်နာ ကျင့်သုံးကြသည်။ ဤသို့ဖြင့် ထိုကုမ္ပဏီများ[17]အနေဖြင့် ကော်ပိုရိတ်ပွင့်လင်း မြင်သာမှုနှင့် အစီရင်ခံခြင်းဆိုင်ရာ အလားအလာကောင်းများဖန်တီးနေခြင်းမှာ အသိအမှတ် ပြုဖွယ်ဖြစ်သည်။ စာရင်းဝင်ကုမ္ပဏီများနှင့် အများပိုင်ကုမ္ပဏီများကိုလည်း အလားတူ အလေ့အကျင့်ကောင်းများ လိုက်နာကျင့်သုံး သင့်ကြောင်း အထူးတလည် အားပေးလှုံ့ဆော်သင့်သည်။

**သဘာဝပတ်ဝန်းကျင်၊ လူမှုဝန်းကျင်နှင့် စီမံအုပ်ချုပ်မှု (ESG) အစီရင်ခံခြင်းမှာ အားနည်းနေဆဲဖြစ်သည်။**

နောက်ဆုံးအချက်အနေဖြင့် သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ (ESG တွင် ပါဝင်သော Environment နှင့် Social)အား ထုတ်ဖော်ကြေညာခြင်းနှင့် ပတ်သက်လျှင် ကုမ္ပဏီအနည်းစုမှာ များစွာသော အချက်အလက်များအား ထုတ်ဖော်ကြေညာမှုများ ပြုလုပ်လာကြသည်။ (အသေးစိတ်ကို ဇယားကွက် ၆ တွင် လေ့လာပါ။) သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ အကျိုးသက်ရောက်မှုများထက်စာလျှင် ပရဟိတ အလှူအတန်းများအား အလေးပေးဖော်ပြမှုများ ရှိနေသေးသည်။ အများစုသော ကုမ္ပဏီများသည် ၎င်းတို့၏ သဘာဝပတ်ဝန်းကျင်နှင့် လူမှုဝန်းကျင်ဆိုင်ရာ စွမ်းဆောင်ချက်များနှင့် ပတ်သက်ပြီး တိကျမှုမရှိသော၊ ကျစ်လျစ်မှုမရှိသော အကြောင်းအရာများ ထုတ်ဖော်ကြေညာကြပြီး သက်ဆိုင်ရာ အဓိကစွမ်းဆောင်မှု ညွှန်းကိန်းများ (KPIs) ဖော်ပြသောအခါတွင်လည်း သက်ရောက်မှုရှိသော နယ်ပယ်နှင့် လိုက်လျောညီထွေရှိမှုမှာ မေးခွန်းထုတ်ဖွယ်ဖြစ်သည်။

ဆီလျော်သော အဓိကစွမ်းဆောင်မှု ညွှန်ကိန်းများ (KPIs) သတ်မှတ်ခြင်း၏ နောက်တွင် စီးပွားရေးဆိုင်ရာ အကြောင်းအရာ များပါဝင်နေသည်။ စွမ်းအင်သုံးစွဲမှုကို ထုတ်ဖော်ပြောဆိုနိုင်သော ကုမ္ပဏီသည် ၎င်းတို့အနေဖြင့် စွမ်းအင်အတွက် ကုန်ကျစရိတ်ကို မည်သို့လျှော့ချရမည်ကို သိရှိသောကြောင့် အနာဂတ်တွင် အမြတ်အစွန်းကို ပိုမိုရရှိအောင် လုပ်ဆောင်နိုင်မည့် အနေအထားတွင် ရှိသည်။

ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်းဆိုင်ရာ စွမ်းဆောင်မှုညွှန်းကိန်းအား ထုတ်ဖော်ကြေညာခြင်းနှင့် အစဉ်မပြတ် စောင့်ကြည့်အကဲဖြတ်ခြင်းသည်လည်း အကျိုးအမြတ်ဖြစ်ထွန်းမှုနှင့် တိုးတက်ဖွံ့ဖြိုးမှုကို အထောက်အပံ့ပြု ပါသည်။ အဘယ်ကြောင့်ဆိုသော် ၎င်းတို့အနေဖြင့် လုပ်ငန်းခွင်အခြေအနေ၊ ဝန်ထမ်းများ၏ စိတ်အားထက်သန်မှု၊ ကုမ္ပဏီအနေဖြင့် အကောင်းဆုံးသော လူ့စွမ်းအားအရစ်အမြစ်အား ဆွဲဆောင်နိုင်မှု၊ တိုးတက်အောင် ဆောင်ရွက်နိုင်မှုနှင့် ထိန်းသိမ်းထားနိုင်မှုတို့ကို ထိုစွမ်းဆောင်မှုညွှန်းကိန်းမှ လေ့လာကြီးကြပ်ကွပ်ကဲနိုင်သည်။ လက်ရှိတွင် ထိုညွှန်းကိန်းကို ၂၀၂၀ ခုနှစ်တွင် ၂ ရာခိုင်နှုန်းသော ကုမ္ပဏီများသာ ဖော်ပြပြီး ၂၀၂၂ ခုနှစ်တွင်မူ ၃ ရာခိုင်နှုန်းသော ကုမ္ပဏီများဖော်ပြခဲ့သည်။

16 ဇန်နဝါရီလ ၂၀၂၃ ရှိ UN Global Compact ၏ အဖွဲ့ဝင်ကုမ္ပဏီ ၈၁ ခုတွင် ၁၄ ခုမှာ ပွင့်သစ်စ ၂၀၂၂ တွင် ပါဝင်ပါသည်။

17 FMI, AYA, Max Myanmar, MSP CAT, MTSH, Myanma Awba Group, Proven Group, Shwe Taung Group, TMH, uab bank, Yoma Bank.

**ဇယားကွက် ၅ -ကုမ္ပဏီများမှထုတ်ဖော်ပြသထားသည့် ပတ်ဝန်းကျင်နှင့်လူမှုရေးဆိုင်ရာအကြောင်းအရာများ**

| ကဏ္ဍ | အကြောင်းအရာ | ခုနှစ် ၂၀၂၀ | ခုနှစ် ၂၀၂၂ |
|---|---|---|---|
| လူမှုရေး | အခွင့်အရေးတူ အလုပ်ခန့်ခြင်း (ကျား/မ၊ လူမျိုး၊ အသက်) | ၈% | ၈% |
| လူမှုအသိုင်းအဝိုင်း | ပရဟိတ လုပ်ငန်းများ | ၈% | ၈% |
| လူမှုရေး | သင်တန်းပေးခြင်း | ၇% | ၇% |
| လူမှုရေး | ဝန်ထမ်းများ အလုပ်မှနုတ်ထွက်နှုန်း | ၇% | ၆% |
| သဘာဝပတ်ဝန်းကျင် | စွမ်းအင် | ၆% | ၅% |
| လူမှုရေး | ရာထူးတက်ခြင်း၊ မြှင့်ပေးခြင်း | ၅% | ၅% |
| လူမှုရေး | လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး | ၅% | ၄% |
| သဘာဝပတ်ဝန်းကျင် | ကာဗွန် | ၄% | ၄% |
| လူမှုရေး | အသေအပျောက်နှုန်းထား | ၆% | ၄% |
| သဘာဝပတ်ဝန်းကျင် | စွန့်ပစ်အညစ်အကြေး | ၃% | ၄% |
| သဘာဝပတ်ဝန်းကျင် | ရေ | ၃% | ၄% |
| လူမှုရေး | ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း | ၂% | ၃% |
| လူမှုရေး | အလုပ်ပျက်ကွက်ခြင်းပမာဏ | ၅% | ၃% |
| လူမှုအသိုင်းအဝိုင်း | ထုတ်ကုန်ပစ္စည်းဆိုင်ရာ တာဝန် | ၄% | ၃% |
| လူမှုအသိုင်းအဝိုင်း | ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက်ဆိုင်ရာ တာဝန် | ၄% | ၃% |
| လူမှုရေး | မသန်စွမ်းမှု | ၃% | ၂% |

# နောက်ဆက်တွဲ - မေးခွန်းများ

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ကော်ပိုရိတ် အကြောင်းအရာ** | | | | |
| **ကုမ္ပဏီ၏ တင်ပြပုံ** | | | | |
| 1 | ကုမ္ပဏီတွင် လက်ရှိအခြေအနေကို ထင်ဟပ်သည့် vision နှင့် mission statement ရှိပါသလား။ | D | S | E.1.4 |
| 2 | ကုမ္ပဏီ၏ ကော်မရှင်အဖွဲ့ (သို့) ဒါရိုက်တာ ဘုတ်အဖွဲ့မှ vision နှင့် mission များကို ပုံမှန် ပြန်လည်စီစစ် အတည်ပြုခြင်း ပြုလုပ်ပါသလား။ ပြီးခဲ့သော (၅)နှစ်အတွင်း ဤကဲ့သို့ အနည်းဆုံး တစ်ကြိမ်မျှ ပြုလုပ်ခဲ့ပါသလား။ | D | S | E.1.5 |
| 3 | ကုမ္ပဏီသည် ၎င်း၏ ကော်ပိုရိတ်တန်ဖိုးများကို ထုတ်ပြန်ကြေငြာပါသလား။ | D | S | |
| 4 | ကုမ္ပဏီသည် ၎င်း၏ လုပ်ငန်းလုပ်ဆောင်မှုများကို အကြမ်းဖျင်းရှင်းပြပါသလား။ ကုမ္ပဏီသည် ၎င်း၏ အကြောင်းအရာကို ဖော်ပြပါသလား။ | D | S | |
| 5 | ကုမ္ပဏီသည် ၎င်း၏ စီးပွားရေး မူပုံစံနှင့် အကျိုးသက်ဆိုင်သူများအတွက် ကုမ္ပဏီမှ မည်သို့တန်ဖိုး ဖန်တီးပေးကြောင်း ရှင်းလင်းစွာ ဖော်ပြပါသလား။ | P | S | |
| **ပိုင်ဆိုင်မှုဆိုင်ရာ ဖွဲ့စည်းပုံ** | | | | |
| 6 | ကုမ္ပဏီသည် ၎င်း၏ မိခင်ကုမ္ပဏီ၊ ဦးပိုင်ကုမ္ပဏီ၊ လက်အောက်ခံကုမ္ပဏီ၊ တွဲဖက်ကုမ္ပဏီ၊ ဖက်စပ်ကုမ္ပဏီ၊ အထူးရည်ရွယ်ချက်ဖြင့်ဆောင်ရွက်သည့် special purpose enterprises/vehicles (SPEs) / (SPVs) နှင့် ပတ်သက်သည့် အသေးစိတ်အချက်အလက်များကို ဖော်ပြပါသလား။ | D | S | D.1.5 |
| 7 | ရှယ်ယာများ၏ ၅%(သို့) ၅%ထက်ပိုသောရှယ်ယာပိုင်ရှင်များသည် မည်သူမည်ဝါဖြစ်ကြောင်း ဖော်ပြနိုင်သည့် အချက်အလက်များကို ဖော်ပြပါသလား။ | D | S | D.1.1 |
| 8 | ရှယ်ယာအများစုကို ပိုင်ဆိုင်သော ပိုင်ရှင်များကို သွယ်ဝိုက်သော(သို့) တိုက်ရိုက်ကျသောနည်းလမ်းဖြင့် ဖော်ပြပါသလား။ | D | S | D.1.2 |
| 9 | ဒါရိုက်တာများ၏ ပိုင်ဆိုင်သောရှယ်ယာပမာဏကို တိုက်ရိုက်(သို့)သွယ်ဝိုက်သောနည်းဖြင့် ဖော်ပြပါသလား။ | D | S | D.1.3 |
| 10 | အကြီးတန်း စီမံခန့်ခွဲမှု၏ ပိုင်ဆိုင်သောရှယ်ယာပမာဏကို တိုက်ရိုက်(သို့)သွယ်ဝိုက်သောနည်းဖြင့် ဖော်ပြပါသလား။ | D | S | D.1.4 |
| **ကုမ္ပဏီ၏ နည်းဗျူဟာ** | | | | |
| 11 | ကုမ္ပဏီသည် ၎င်း၏ အဖွဲ့အစည်းအနေဖြင့် မည်သည့် ရည်မှန်းချက်ပန်းတိုင်ကို ရောက်ရှိလိုသနည်း ဟူသော အချက်နှင့် ၎င်းပန်းတိုင်ကို ရောက်ရှိနိုင်အောင် မည်သို့ အကောင်အထည်ဖော်မည်ဟူ၍ ရှင်းလင်းစွာ ဖော်ပြထားပါသလား။ | P | S | |
| 12 | ကော်ပိုရိတ် နည်းဗျူဟာကို အကောင်အထည်ဖော်ခြင်းအား ဒါရိုက်တာ ဘုတ်အဖွဲ့များမှ သုံးသပ်ခြင်း၊ စောင့်ကြည့်ခြင်းနှင့် ကြီးကြပ်ခြင်းပြုရန်အတွက် လုပ်ငန်းစဉ်တစ်ခု ရှိပါသလား။ | D | S | E.1.6 |
| 13 | ကုမ္ပဏီအနေဖြင့် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပေါ်နေသော အခြေအနေများကြောင့် ကြုံတွေ့နေရသည့် စိန်ခေါ်မှု၊ အခက်အခဲများသည် ၎င်း၏ နည်းဗျူဟာကို အကောင်အထည်ဖော်ရာတွင် ကုမ္ပဏီ၏ စီးပွားရေးမူပုံစံနှင့် အနာဂတ် လုပ်ဆောင်မှုအား မည်သို့သက်ရောက်နိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြပါသလား။ | | | |
| - | Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ | P | S | |
| - | လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ | P | S | |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ကော်ပိုရိတ်ဆိုင်ရာ ဆက်သွယ်ပြောဆိုခြင်း** | | | | |
| **14** | ကုမ္ပဏီသည် အောက်ဖော်ပြပါ ဆက်သွယ်ပြောဆိုခြင်း နည်းလမ်းများအား အသုံးပြုပါသလား။ | | | |
| **-** | ကုမ္ပဏီ ဝက်(ဘ်)ဆိုက် | **D** | **S** | **D.6.2** |
| | Facebook | **D** | **S** | |
| **15** | ကုမ္ပဏီတွင် အချိန်နှင့် တပြေးညီ အောက်ဖော်ပြပါ အချက်အလက်များအား ထုတ်ဖော်ကြေငြာသည့် ဝက်(ဘ်)ဆိုက်တစ်ခု ရှိပါသလား။ | | | |
| **-** | ဒေါင်းလုပ်ဒ် ရယူနိုင်သော နှစ်ပတ်လည် အစီရင်ခံစာ။ | **D** | **B** | **D.8.3** |
| **-** | နှစ်ပတ်လည် အထွေထွေ ညီလာခံ (AGM) နှင့်/သို့ အထူး အထွေထွေညီလာခံ (EGM) အတွက် အသိပေး အကြောင်းကြားခြင်း။ | **D** | **B** | **D.8.4** |
| **-** | နှစ်ပတ်လည် အထွေထွေ ညီလာခံ (AGM) နှင့်/သို့ အထူး အထွေထွေညီလာခံ (EGM) ၏ အစည်းအဝေး မှတ်တမ်းများ။ | **P** | **B** | **D.8.5** |
| **16** | ကုမ္ပဏီတွင် ကော်ပိုရိတ် တာဝန်ယူမှု (CSR) ကဏ္ဍ /အစီရင်ခံစာ (သို့) ရေရှည်တည်တံ့နိုင်ရေး အခန်း ကဏ္ဍ/အစီရင်ခံစာ သီးခြားရှိပါသလား။ | **D** | **S** | **C.1.7** |
| **17** | သတင်းအချက်အလက်များသည် ယုံကြည်ရပြီး  အများမှ အသုံးပြုနိုင်ကာ အချိန်နှင့် တပြေးညီ ဖော်ပြ ထား ပါသလား။ | **P** | **S** | |
| **18** | ကုမ္ပဏီသည် Covid-19 ကူးစက်ရောဂါ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများနှင့် စပ်လျဉ်း၍ ၎င်း၏ ပြင်ပမှ အကျိုးသက်ဆိုင်သူများနှင့် ပုံမှန် ဆက်သွယ်ခြင်း ပြုလုပ်ပါသလား။ | **P** | **S** | |
| **19** | ကုမ္ပဏီသည် လက်ရှိဖြစ်ပေါ်နေသောနိုင်ငံရေးအခြေအနေ၏ စီးပွားရေးဆိုင်ရာ အကျိုးသက်ရောက်မှုများ နှင့် စပ်လျဉ်း၍ ၎င်း၏ ပြင်ပမှ အကျိုးသက်ဆိုင်သူများနှင့် ပုံမှန် ဆက်သွယ်ခြင်း ပြုလုပ်ပါသလား။ | **P** | **S** | |
| **20** | ကုမ္ပဏီသည် ၎င်းမှ ထုတ်ပြန်ကြေငြာထားသော သတင်းအချက်အလက်များနှင့် အာဆီယံကော်ပိုရိတ် စီမံအုပ်ချုပ်မှု ရမှတ်မှတ်တမ်း၏ လိုအပ်ချက်များကြားရှိ ကွာဟချက်များအား ဆန်းစစ်မှုတစ်ရပ်ပြုလုပ် ထားပါသလား။ | **P** | **B** | |
| **ကော်ပိုရိတ် စီမံအုပ်ချုပ်မှု** | | | | |
| **အကျိုးသက်ဆိုင်သူများနှင့် ညှိနှိုင်းဆွေးနွေးခြင်း** | | | | |
| **21** | နောက်ဆုံးကျင်းပထားသော အထွေထွေအစည်းအဝေး၌ ဆုံးဖြတ်ချက်များ/အစီအစဉ်များအတွက် မဲခွဲ ဆုံးဖြတ်ရာတွင် ထောက်ခံမဲ၊ ကန့်ကွက်မဲ နှင့် ကြားနေမဲများ၏ ရလဒ်အရေအတွက်ကို ထုတ်ဖော်ပြသခဲ့ ပါသလား။ | **P** | **B** | **A.3.6** |
| **22** | နောက်ဆုံးကျင်းပထားသော နှစ်ပတ်လည်အထွေထွေအစည်းအဝေး၏ ဆုံးဖြတ်ချက်တစ်ခုစီတွင် အကြောင်းအရာတစ်ခုသာ ပါဝင်ပါသလား။ ဆိုလိုသည်မှာ ဆုံးဖြတ်ချက်တစ်ခုတွင် အကြောင်းအရာများ စွာ ပါဝင်ခြင်းမရှိပေ။ | **D** | **B** | **B.2.1** |
| **23** | အထွေထွေအစည်းအဝေး ကြေငြာချက်များအားဖော်ပြရာတွင် မြန်မာဘာသာဖြင့် ထုတ်ဝေသည့်နေ့၌ပင် အင်္ဂလိပ်ဘာသာသို့ ပြည့်ပြည့်စုံစုံဘာသာပြန်ဆို၍ ထုတ်ဝေပြန်ကြားခြင်း ရှိပါသလား။ | **D** | **B** | **B.2.2** |
| **ဒါရိုက်တာဘုတ်အဖွဲ့၏ ဖွဲ့စည်းပုံ** | | | | |
| **24** | ကုမ္ပဏီတွင် ဒါရိုက်တာ ဘုတ်အဖွဲ့ ရှိပါသလား။ | **D** | **S** | |
| **25** | ဒါရိုက်တာ ဘုတ်အဖွဲ့ဝင် အရေအတွက်အား ထုတ်ပြန်ကြေငြာထားခြင်း ရှိပါသလား။ | **D** | **S** | |
| **26** | ဒါရိုက်တာဘုတ်အဖွဲ့ (သို့) ကော်မရှင်အဖွဲ့သည် (၅)ဦးထက်မနည်း၊ (၁၂)ဦးနှင့်အောက်ရှိသော လူဦးရေ ဖြင့် ဖွဲ့စည်းထားပါသလား။ | **D** | **S** | |
| **27** | Chairman နှင့် CEO ၏ အခန်းကဏ္ဍများအား မတူညီသော လူပုဂ္ဂိုလ်များမှ တာဝန်ယူထားပါသလား။ | **D** | **B** | **E.4.1** |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| 28 | Chairman သည် non-executive ဒါရိုက်တာ ဖြစ်ပါသလား။ | D | B | |
| 29 | Chairman သည် Independent ဒါရိုက်တာ ဖြစ်ပါသလား။ | D | B | E.4.2 |
| 30 | Chairman သည် independent မဖြစ်ပါက ဘုတ်အဖွဲ့သည် Independent ဖြစ်သည့် ဦးစီး/ထိပ်တန်း ဒါရိုက်တာ ရွေးချယ်ခန့်အပ်ထားကာ ၎င်းပုဂ္ဂိုလ်၏ အခန်းကဏ္ဍ တာဝန်များအား သတ်မှတ်ထားပါသလား။ | D | B | E.4.5 |
| 31 | ဒါရိုက်တာများသည် ပြီးခဲ့သည့်နှစ်နှစ်အတွင်း CEO တာဝန်ထမ်းဆောင်ခဲ့သည့်သူများဟုတ်ပါသလား။ | D | B | E.4.3 |
| 32 | ဒါရိုက်တာများထဲတွင် ကုမ္ပဏီ၏ အဓိပ္ပါယ်ဖွင့်ဆိုသတ်မှတ်ချက်အတိုင်း independent ဖြစ်သည်ဟု ယူဆရသော ဒါရိုက်တာ ဦးရေအရေအတွက် မည်မျှရှိသနည်း။ | D | B | |
| 33 | သီးခြားဖြစ်၍ အုပ်ချုပ်ရေးပိုင်းတွင် မပါဝင်သော independent၊ non-executive ဒါရိုက်တာများ/ ကော်မရှင်အဖွဲ့ဝင်များသည် အနည်းဆုံး (၃)ဦးရှိ၍ ထို ဦးရေပမာဏသည် ဒါရိုက်တာဘုတ်အဖွဲ့၏ ၅၀% ထက်ပိုနေပါသလား။ | D | B | E.2.4 |
| 34 | Independent ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များသည် စီမံခန့်ခွဲရေးနှင့် အဓိက ရှယ်ယာဝင်များ အပိုင်းတို့တွင် သီးခြားလုပ်ဆောင်ကြပါသလား။ | D | B | |
| 35 | ကုမ္ပဏီသည်ဒါရိုက်တာတစ်ဦးချင်းစီ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင် တစ်ဦးချင်းစီအတွက် အခြားသော publicly listed ကုမ္ပဏီများတွင်ပါ တစ်ချိန်တည်း၌ ဘုတ်အဖွဲ့ဝင်နေရာ (၅)နေရာသာ ပါဝင်ခွင့်ရှိသည်ဟု သတ်မှတ်ထားပါသလား။ | D | B | E.2.6 |
| **ဒါရိုက်တာ ဘုတ်အဖွဲ့၏ တာဝန်ဝတ္တရားများ** | | | | |
| 36 | ဒါရိုက်တာဘုတ်အဖွဲ့မှ ၎င်း၏ကဏ္ဍနှင့်တာဝန်ယူမှုများကို ရှင်းလင်းစွာဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.1.3 |
| 37 | ဒါရိုက်တာဘုတ်အဖွဲ့မှ အတည်ပြုချက်လိုအပ်သော ဆုံးဖြတ်ချက်များအား ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ | D | S | E.1.2 |
| 38 | Chairman ၏ အခန်းကဏ္ဍနှင့် တာဝန်ယူမှုအပိုင်းများကို ထုတ်ဖော်ပြသထားခြင်း ရှိပါသလား။ | D | S | E.4.4 |
| 39 | တစ်နှစ်အတွင်းပြုလုပ်သော ဒါရိုက်တာဘုတ်အဖွဲ့အစည်းအဝေး အကြိမ်အရေအတွက်ကို ဖော်ပြခြင်းရှိပါသလား။ | D | S | E.3.2 |
| 40 | ကုမ္ပဏီသည် ဒါရိုက်တာတစ်ဦးချင်း (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်တစ်ဦးချင်း၏ အစည်းအဝေး တက်ရောက်မှု အသေးစိတ် အချက်အလက်များကို ဖော်ပြခြင်းရှိပါသလား။ | D | S | D.2.6 / E.3.3 |
| 41 | ကုမ္ပဏီသည် ဒါရိုက်တာအသစ်များအတွက် လုပ်ငန်းစဉ်နှင့် အကျွမ်းဝင်စေရေး အစီအစဉ်များရှိပါသလား။ | D | B | E.5.1 |
| 42 | ကုမ္ပဏီမှ CEO နှင့် ဘုတ်အဖွဲ့ဝင်တစ်ဦးချင်းစီ၏ လစာ၊ ခံစားခွင့်ဆိုင်ရာ အချက်အလက်အသေးစိတ်ကို ဖော်ပြခြင်း ရှိပါသလား။ | D | B | D.2.7 / E.3.12 |
| 43 | ဒါရိုက်တာ ဘုတ်အဖွဲ့မှ လက်ရှိ မြန်မာနိုင်ငံတွင် အောက်ပါအခြေအနေများကြောင့် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ဆန်းစစ်ခြင်းများ ပြုလုပ်ပါသလား။ | | | |
| | Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ | P | S | |
| | လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ | P | S | |
| **စာရင်းစစ် ကော်မတီ** | | | | |
| 44 | ကုမ္ပဏီတွင် စာရင်းစစ်ကော်မတီတစ်ခုရှိပါသလား။ | D | S | E.2.18 |
| 45 | စာရင်းစစ်ကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့် မသက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.19 |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| 46 | စာရင်းစစ်ကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင်တစ်ဦး ဖြစ်ပါသလား။ | D | B | E.2.20 |
| 47 | ကော်မတီတွင် ပါဝင်သည့် Independent Director (သို့) ကော်မရှင် အဖွဲ့ဝင်များအနက် အနည်းဆုံး တစ်ဦးဖြစ်စေ စာရင်းကိုင်ပညာ တတ်ကျွမ်းပါသလား (စာရင်းကိုင် လက်မှတ် သို့မဟုတ် လုပ်ငန်း အတွေ့အကြုံ ရှိပါသလား)။ | D | S | E.2.22 |
| 48 | Annual Report တွင် စာရင်းစစ်ကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ်အရေအတွက်ကို ဖော်ပြထားခြင်းရှိပါသလား။ | D | S | E.2.23 |
| 49 | စာရင်းစစ် ကော်မတီ အစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန် ကြေငြာပါသလား။ | D | S | E.2.23 |
| **ရွေးကောက်ခြင်းကော်မတီ** | | | | |
| 50 | ကုမ္ပဏီတွင် ရွေးကောက်ခြင်းကော်မတီ (NC) ရှိပါသလား။ | D | S | E.2.8 |
| 51 | ရွေးကောက်ခြင်းကော်မတီသည် Independent Director အများစုပါဝင်သည့် အုပ်ချုပ်ရေးနှင့် မ သက်ဆိုင် သော ဒါရိုက်တာ အဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.9 |
| 52 | ရွေးကောက်ခြင်းကော်မတီဥက္ကဋ္ဌသည် Independent Director (သို့) Independent ကော်မရှင် အဖွဲ့ဝင် တစ်ဦးဖြစ်ပါသလား။ | D | B | E.2.10 |
| 53 | နှစ်ပတ်လည် အစီရင်ခံစာတွင် ရွေးကောက်ခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ် အရေအတွက်နှုန်းကို ဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.2.12 |
| 54 | ရွေးကောက်ခြင်း ကော်မတီ အစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန် ကြေငြာပါ သလား။ | D | S | E.2.12 |
| **ငွေကြေးလုပ်ခပေးခြင်း/ငွေကြေးလျော်ပေးခြင်း ကော်မတီ** | | | | |
| 55 | ကုမ္ပဏီတွင် ငွေကြေးလုပ်ခပေးခြင်း ကော်မတီ (RC) ရှိပါသလား။ | D | S | E.2.13 |
| 56 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီသည် Independent Director အများစုပါဝင်သော အုပ်ချုပ်ရေးနှင့် မ သက်ဆိုင်သော ဒါရိုက်တာအဖွဲ့နှင့် ဖွဲ့စည်းထားပါသလား။ | D | B | E.2.14 |
| 57 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီ၏ ဥက္ကဋ္ဌသည် Independent Director (သို့မဟုတ်) Independent ကော်မရှင် အဖွဲ့ဝင် တစ်ဦးဖြစ်ပါသလား။ | D | B | E.2.15 |
| 58 | နှစ်ပတ်လည်အစီရင်ခံစာတွင် ငွေကြေးလုပ်ခပေးခြင်းကော်မတီ၏ အစည်းအဝေးကျင်းပသည့် အကြိမ် အရေအတွက်နှုန်းကို ဖော်ပြထားခြင်း ရှိပါသလား။ | D | S | E.2.17 |
| 59 | ငွေကြေးလုပ်ခပေးခြင်း ကော်မတီ အစည်းအဝေးများတွင် တက်ရောက်သူစာရင်းအား ထုတ်ပြန် ကြေငြာ ပါသလား။ | D | S | E.2.17 |
| **လုပ်ဆောင်မှုအကဲဖြတ်ခြင်းနှင့် ဘုတ်အဖွဲ့ဝင်များ ခန့်အပ်ခြင်း** | | | | |
| 60 | ကုမ္ပဏီသည် CEO၊ မန်နေးဂျင်း ဒါရိုက်တာ၊ ဥက္ကဋ္ဌ နှင့် အဓိကကျသည့် စီမံခန့်ခွဲသူများ၏ ရာထူး လွှဲပြောင်းဆင့်ခံခြင်းတို့အား ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များက မည်သို့စီစဉ်ထားကြောင်း ဖော်ပြထားခြင်းရှိ ပါသလား။ | P | B | E.5.3 |
| 61 | ကုမ္ပဏီသည် CEO၊ မန်းနေးဂျင်း ဒါရိုက်တာ နှင့် ဥက္ကဋ္ဌ တို့အား နှစ်စဉ် လုပ်ဆောင်မှု ဆန်းစစ်ခြင်း ပြုလုပ် ပါသလား။ | D | B | E.5.4 |
| 62 | ကုမ္ပဏီသည် ဒါရိုက်တာအသစ်များ/ကော်မရှင်အဖွဲ့ဝင် အသစ်များ ရွေးချယ်ရာတွင် အသုံးပြုသည့် ဆုံးဖြတ်ပုံများအား ဖော်ပြခြင်းရှိပါသလား။ | P | B | E.3.9 |
| 63 | ဒါရိုက်တာဘုတ်အဖွဲ့ဝင်များအား နှစ်စဉ်လုပ်ဆောင်မှုအကဲဖြတ်ခြင်း ပြုလုပ်ပါသလား။ | D | B | E.5.5 |
| 64 | ဘုတ်အဖွဲ့အား အကဲဖြတ်ရာတွင် အသုံးပြုသော ဆုံးဖြတ်ပုံများအား ကုမ္ပဏီမှ ဖော်ပြထားခြင်းရှိပါ သလား။ | P | B | E.5.5 |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ စီမံခန့်ခွဲမှု** | | | | |
| **ဆုံးရှုံးနိုင်ခြေစီမံခန့်ခွဲမှု** | | | | |
| 65 | ကုမ္ပဏီသည် နေရာတကျဖြစ်သော Internal Control လုပ်ငန်းစဉ်များ (သို့မဟုတ်) ဘေးအန္တရာယ် စီမံခန့်ခွဲခြင်း စနစ်များကို ဖော်ပြထားခြင်းရှိပါသလား။ | D | S | E.3.19 |
| 66 | နှစ်ပတ်လည် အစီရင်ခံစာတွင် ဒါရိုက်တာ ဘုတ်အဖွဲ့ဝင်များ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များသည် ကုမ္ပဏီ၏ ရုပ်ပိုင်းဆိုင်ရာထိန်းချုပ်မှု (သို့မဟုတ်) ဘေးအန္တရာယ်စီမံခန့်ခွဲမှုများ (လုပ်ငန်းလည်ပတ်မှုဆိုင်ရာ၊ ဘဏ္ဍာရေးဆိုင်ရာနှင့် အခြားသော ထိန်းချုပ်မှုများ)အား ပြန်လည်ဆန်းစစ်မှုများပြုလုပ်ခြင်းကို ဖော်ပြထားပါသလား။ | D | S | E.3.20 |
| 67 | ကုမ္ပဏီသည် အဓိကကျသည့် ဘေးအန္တရာယ်များအား မည်သို့ စီမံခန့်ခွဲကြောင်း ထုတ်ဖော်ကြေငြာ ပါသလား။ | P | S | E.3.21 |
| 68 | နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါ ဘေးအန္တရာယ်များနှင့် ပတ်သက်၍ ဖော်ပြထားခြင်း ရှိပါသလား။ | | | |
| - | သဘာဝပတ်ဝန်းကျင် | D | S | |
| - | လူမှုရေး (HR) | D | S | |
| - | လူမှုရေး (လူမှုအသိုင်းအဝိုင်း) | D | S | |
| - | စီမံအုပ်ချုပ်မှု | D | S | |
| - | ဘဏ္ဍာရေး | D | S | |
| 69 | ကုမ္ပဏီသည် ၎င်း၏ နှစ်စဉ်အစီရင်ခံစာတွင် မြန်မာနိုင်ငံ၌ လက်ရှိဖြစ်ပွားနေသော အောက်ပါအခြေအနေများကြောင့် ကြုံတွေ့နေရသော စိန်ခေါ်မှုများ၊ အခက်အခဲများကို အဖွဲ့အစည်းမှ ကာလတို၊ကာလလတ်နှင့် ကာလရှည်တို့တွင် တန်ဖိုးဖန်တီးရာ၌ မည်ကဲ့သို့ ထည့်သွင်းစဉ်းစားသုံးသပ်ကြောင်း ဖော်ပြထားပါသလား။ | | | |
| - | Covid-19 ကူးစက်ရောဂါနှင့် ပတ်သက်၍ | P | S | |
| - | လက်ရှိဖြစ်ပေါ်နေသော နိုင်ငံရေးအခြေအနေနှင့် ပတ်သက်၍ | P | S | |
| **နည်းဗျူဟာ** | | | | |
| 70 | ကုမ္ပဏီတွင် ရေရှည်တည်တံ့မှု စီမံခန့်ခွဲရေးတာဝန်ခံ၊ အရာရှိ ရှိပါသလား။ | D | S | |
| 71 | ကုမ္ပဏီတွင် ရေရှည်တည်တံ့ရေး နည်းဗျူဟာများရှိပါသလား။ | P | S | |
| 72 | ကုမ္ပဏီသည် ၎င်း၏ stakeholders' mapping process အားရှင်းပြခြင်းရှိပါသလား။ | D | S | |
| 73 | ကုမ္ပဏီသည် ၎င်း၏ materiality analysis ဆန်းစစ်ချက်များအား ဖော်ပြထားပါသလား။ | D | S | |
| 74 | ကုမ္ပဏီ၏ စီးပွားရေး ကိစ္စရပ်များအတွက် materiality analysis ဆန်းစစ်ချက်များသည် မည်သို့ သက်ဆိုင်ကြောင်း ရှင်းလင်းစွာ ဖော်ပြထားခြင်းရှိပါသလား။ | P | S | |
| 75 | ကုမ္ပဏီသည် ၎င်း၏ ရေရှည်တည်တံ့ခိုင်မြဲရေး အကြောင်းအရာနှင့် စပ်လျဉ်းသည့် ကာလတို၊ကာလရှည် ပန်းတိုင်များအား ဖော်ပြခြင်းရှိပါသလား။ | P | S | |
| 76 | ကုမ္ပဏီ၏ ရေရှည်တည်တံ့ခိုင်မြဲရေးဆိုင်ရာ ဦးတည်ချက်များသည် ကတိကဝတ်တည်ပြီး သင့်လျော်သည့် အချိန်အတိုင်းအတာများသတ်မှတ်ထားသော materiality analysis နှင့် တိတိကျကျ ချိန်ညှိထားခြင်းရှိပါသလား။ | P | S | |
| 77 | ကုမ္ပဏီသည် ပြင်ပမှ အကျိုးသက်ဆိုင်သူများနှင့် အချို့သောအကြောင်းအရာများတွင် ၎င်းတို့၏ အတွေးအမြင်များသိရှိနိုင်ရန် ဆွေးနွေးခြင်းများ ပြုလုပ်ပါသလား။ | D | S | |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ကော်ပိုရိတ် မူဝါဒများ** | | | | |
| 78 | အောက်ဖော်ပြပါ အကြောင်းအရာများအား မူဝါဒတွင် ဖော်ပြထားခြင်း ရှိပါသလား။ | | | |
| - | ဘုတ်အဖွဲ့ မူဝါဒ | P | S | E.1.1 |
| - | ဘုတ်အဖွဲ့၏ အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ်ဆိုင်ရာ ကိစ္စရပ်များ (အချို့သော အစည်းအဝေးများတွင် ဆန္ဒမဲပေးခြင်းမှ ရှောင်ရှားခြင်း) | P | S | |
| - | လိုက်နာရမည့် ကျင့်ဝတ်စည်းကမ်းများ | P | S | |
| - | အရောင်းအဝယ်ပြုလုပ်မှုများတွင် ဒါရိုက်တာ၏ အကျိုးစီးပွားနှင့် အခြားသော အကျိုးအမြတ်ဆိုင်ရာ အငြင်းပွားဖွယ် ကိစ္စရပ်များအား ထုတ်ဖော်ကြေငြာခြင်း | P | S | B.4.1 / B.4.2 / B.4.3 |
| - | အကျိုးအမြတ် ခွဲဝေမှုဆိုင်ရာ (dividend) မူဝါဒ | P | S | D.2.4 |
| - | ဝန်ထမ်းများ/အလုပ်သမားများ | P | S | |
| - | ညီတူညီမျှ အခွင့်အရေးများ/မတူကွဲပြားမှု | P | S | |
| - | အလှူအတန်း/ ပရဟိတ | P | S | |
| - | ထိပါးနှောက်ယှက်မှုကို ဆန့်ကျင်ခြင်း | P | S | |
| - | ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံရေးဆိုင်ရာ မူဝါဒ | P | S | |
| - | လူ့အခွင့်အရေး | P | S | |
| - | ဒါရိုက်တာများအတွက် လုပ်ငန်းဆိုင်ရာ ပညာပေးအစီအစဉ်များ (စဉ်ဆက်မပြတ်)။ | P | S | B.4.2 / B.4.3 / D.3.1 |
| - | ဆက်နွယ်သူများအချင်းချင်း အရောင်းအဝယ်ပြုလုပ်မှုများ။ | P | S | |
| - | Executive ဒါရိုက်တာနှင့် CEO များအတွက် ငွေကြေးလုပ်ခပေးခြင်း (လုပ်ခ၊စရိတ်၊ ပစ္စည်းဖြင့် ထောက်ပံ့မှု၊ အခြားလုပ်ခလစာ)။ | P | S | C.3.3 / E.3.12 |
| - | ရေတို ဘဏ္ဍာရေးဆိုင်ရာ ကိန်းဂဏန်းများအား ကျော်လွန်၍ ကုမ္ပဏီ၏ လုပ်ဆောင်မှုအတွက် အပို ဆုကြေး/ငွေကြေးအလျော်ပေးခြင်း။ | P | S | |
| **စီးပွားရေးလုပ်ငန်းဆိုင်ရာ ကျင့်ဝတ်စည်းကမ်းများ** | | | | |
| 79 | ကုမ္ပဏီတွင် ကျင့်ဝတ်ဆိုင်ရာ ဥပဒေ (သို့မဟုတ်) စည်းမျဉ်းစည်းကမ်း များကိုအသေးစိပ် ဖော်ပြထားပါ သလား။ | D | S | E.2.1 |
| 80 | ကုမ္ပဏီသည် ဒါရိုက်တာများ (သို့မဟုတ်) ကော်မရှင်အဖွဲ့ဝင်များ၊ အထက်ရှိ စီမံခန့်ခွဲမှုအပိုင်းနှင့် ဝန်ထမ်း များအားလုံးသည် ထိုစည်းမျဉ်းဥပဒေများအား လိုက်နာရမည်ဟု ဖော်ပြထားပါသလား။ | D | S | E.2.2 |
| 81 | ကုမ္ပဏီမှ ထိုစည်းမျဉ်းဥပဒေများကို လိုက်နာကျင့်သုံးစေရန် မည်ကဲ့သို့ အကောင်အထည်ဖော် လုပ်ဆောင် ကြောင်း၊ ကြီးကြပ်ကွပ်ကဲကြောင်း ဖော်ပြပါသလား။ | D | S | E.2.3 |
| **ထုတ်ဖော်ပြောဆိုခြင်းဆိုင်ရာ မူဝါဒ** | | | | |
| 82 | အကျိုးသက်ဆိုင်သူများ (ဥပမာအားဖြင့် ဝယ်ယူအားပေးသူများ၊ ကုန်ပစ္စည်းပံ့ပိုးသူများ၊ ပြည်သူ အစရှိ သဖြင့်)တို့မှ ၎င်းတို့၏ အတွေးအမြင်များ၊ ၎င်းတို့ အခွင့်အရေးအတိုင်း မကျေနပ်မှုများရှိပါက ပြောပြနိုင် ရန် ဆက်သွယ်ရန် လိပ်စာ အပြည့်အစုံကို ကုမ္ပဏီအနေဖြင့် မိမိဝက်(ဘ်)ဆိုက်တွင်သော် လည်းကောင်း၊ နှစ်ပတ်လည် အစီအရင်ခံစာတွင်သော်လည်းကောင်း အသေးစိတ်အချက်အလက်များ ဖော်ပြထားပါ သလား။ | D | S | C.2.1 |
| 83 | ထုတ်ဖော်ပြောဆိုလိုပါက အမည်နာမဖော်ပြရန် မလိုဘဲ တင်သွင်းနိုင်ပါသလား။ | D | S | |
| 84 | ကုမ္ပဏီတွင် တရားမဝင်သော အပြုအမူများ၊ လုပ်ငန်းကျင့်ဝတ်ဖောက်ဖျက်မှုများကို ဖော်ထုတ်ပေးသော ဝန်ထမ်းတစ်ဦးအား လက်တုံ့ပြန်ခြင်းမှ ကာကွယ်နိုင်ရန် မူဝါဒ (သို့) လုပ်ဆောင်မှုများရှိပါသလား။ | D | S | C.4.2 |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ရေရှည်တည်တံ့ ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံခြင်း** | | | | |
| 85 | ကုမ္ပဏီသည် ၎င်း၏ လုပ်ဆောင်မှုများအား ဆန်းစစ်အစီရင်ခံနိုင်ရန် (dashboard) စာရင်းဇယားတစ်ခု အသုံးပြုပါသလား။ | P | S | |
| 86 | ကုမ္ပဏီသည် UNGC၏ တိုးတက်မှုအခြေအနေနှင့် ပတ်သက်၍ သတင်းဆက်သွယ်ပေးပို့ချက်ဖြစ်သည့် COP အစီရင်ခံစာ/ရေရှည် တည်တံ့ခိုင်မြဲရေးဆိုင်ရာ အစီရင်ခံစာအား လက်ရှိ (သို့) ယခင် ဘဏ္ဍာရေးနှစ်အတွက် ထုတ်ပြန်ထားခြင်း ရှိပါသလား။ | D | S | |
| 87 | ၎င်းအစီရင်ခံစာတွင် ပါဝင်ရမည့် အကြောင်းအရာများအား ရှင်းလင်းစွာ သတ်မှတ်ထားခြင်း ရှိပါသလား။ | P | S | |
| **အစီရင်ခံခြင်း** | | | | |
| **နှစ်ပတ်လည် အစီရင်ခံစာ** | | | | |
| 88 | ကုမ္ပဏီသည် နှစ်ပတ်လည် အစီရင်ခံစာအား ထုတ်ပြန်ကြေငြာပါသလား။ | D | S | |
| 89 | နှစ်ပတ်လည် အစီရင်ခံစာအား အင်္ဂလိပ်ဘာသာဖြင့် ရယူနိုင်ပါသလား။ | D | S | |
| 90 | နှစ်ပတ်လည် အစီရင်ခံစာအား မြန်မာဘာသာဖြင့် ရယူနိုင်ပါသလား။ | D | S | |
| 91 | နှစ်ပတ်လည် အစီရင်ခံစာအား ဘဏ္ဍာရေးနှစ်ကုန်ပြီး ရက်ပေါင်း ၁၂၀ အတွင်း ထုတ်ပြန်ကြေငြာပါသလား။ | D | S | D.7.2 |
| 92 | ကုမ္ပဏီ၏ နှစ်ပတ်လည် အစီရင်ခံစာတွင် အောက်ပါအချက်အလက်များအား ဖော်ပြထားပါသလား။ | | | |
| - | ကော်ပိုရိတ် ရည်မှန်းချက်များ | D | S | D.2.1 |
| - | ဒါရိုက်တာများ/ကော်မရှင်အဖွဲ့ဝင် များ၏ ကိုယ်ရေး အချက်အလက်များ (အနည်းဆုံးအနေဖြင့် အသက်၊ အရည်အချင်း၊ ပထမအကြိမ် အလုပ်ခန့်ထားသည့် နေ့ရက်၊ သက်ဆိုင်ရာ အတွေ့အကြုံနှင့် အခြားသော စတော့အိတ်ချိန်းစာရင်းဝင် ကုမ္ပဏီများတွင် ဒါရိုက်တာအဖြစ် တာဝန်ထမ်းဆောင်နေခြင်းရှိမရှိ စသော အချက်များ ) | D | S | D.2.5 |
| **မူဘောင်** | | | | |
| 93 | ကုမ္ပဏီသည် အောက်ဖော်ပြပါ မူဘောင်များအား လိုက်နာကျင့်သုံးပါသလား။ | | | |
| - | AA1000 | P | S | |
| - | DJSI | P | S | |
| - | GRI | P | S | |
| - | Integrated Reporting | P | S | |
| - | SASB | P | S | |
| - | SDGs | D | S | |
| **ဘဏ္ဍာရေးနှင့် လုပ်ငန်းလည်ပတ်မှုပိုင်းဆိုင်ရာ** | | | | |
| 94 | ကုမ္ပဏီသည် ၎င်း၏ ဘဏ္ဍာရေးဆိုင်ရာ အဓိက စွမ်းဆောင်ရည် ညွှန်ကိန်းများအား ထုတ်ဖော် ကြေငြာပါသလား။ | D | S | D.2.2 |
| 95 | ကုမ္ပဏီသည် အခွန်ပေးဆောင်ခြင်းနှင့် ပတ်သက်၍ ထုတ်ဖော်ကြေငြာပါသလား။ | D | S | |
| 96 | စာရင်းစစ်ခြင်း ဝန်ဆောင်မှုနှင့် စာရင်းစစ်ခြင်း မဟုတ်သော ဝန်ဆောင်မှုများ (ဆိုလိုသည်မှာ အကြံပေး ဝန်ဆောင်မှုများ) အား ကုမ္ပဏီတစ်ခုတည်းထံသို့ တာဝန် အပ်နှင်းထားပါသလား။ | D | S | |
| 97 | ကုမ္ပဏီသည် ယခင် ဘဏ္ဍာနှစ်အတွင်း ကူညီထောက်ပံ့မှုပေးရာတွင် အသုံးပြုခဲ့သော ကုန်ကျငွေအား ထုတ်ဖော် ကြေငြာပါသလား။ | D | S | |

| # | | Disclosure/ Performance | Standard/Bonus | ASEAN Corporate Governance Scorecard |
|---|---|---|---|---|
| **ဘဏ္ဍာရေး မဟုတ်သော** | | | | |
| 98 | အောက်ဖော်ပြပါ မူဝါဒများအား အကောင်အထည်ဖော်သည့် လုပ်ဆောင်ချက်များကို ကုမ္ပဏီမှ တရားဝင် ထုတ်ပြန်ပါသလား။ | | | |
| - | ဝယ်ယူအားပေးသူများ၏ ကျန်းမာရေးနှင့် ဘေးကင်းလုံခြုံစိတ်ချရမှု | P | S | C.1.1 |
| - | ကုန်ပစ္စည်းပံ့ပိုးပေးသူ/တဆင့်ခံလုပ်ကိုင်သူ ရွေးချယ်ခြင်းဆိုင်ရာ သတ်မှတ်ချက်များ | P | S | C.1.2 |
| - | ပတ်ဝန်းကျင်အတွက် ဆိုးကျိုးသက်ရောက်မှုမရှိစေသော ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက် | P | S | C.1.3 |
| - | ဒေသခံလူထုများနှင့် အပြန်အလှန်ဆက်သွယ်ပြောဆိုခြင်း | P | S | C.1.4 |
| - | အဂတိလိုက်စားမှု တိုက်ဖျက်ရေး လုပ်ငန်းစဉ်နှင့် လုပ်ထုံးလုပ်နည်းများ | P | S | C.1.5 |
| - | ကြွေးရှင်၏ အခွင့်အရေးများ | P | S | C.1.6 |
| 99 | ကုမ္ပဏီသည် အောက်ဖော်ပြပါ အချက်များနှင့် ပတ်သက်၍ ၎င်း၏ (အဓိက စွမ်းဆောင်ရည်ညွှန်ကိန်း) KPI များအား ကြေညာခြင်းရှိပါသလား လူမှုရေးဆိုင်ရာ ကိစ္စရပ်များ | | | |
| **လူမှုရေးဆိုင်ရာ ကိစ္စရပ်များ** | | | | |
| - | ဝန်ထမ်းများနှင့် ညှိနှိုင်းဆွေးနွေးခြင်း | P | S | D.2.3 |
| - | ဝန်ထမ်းများ အလုပ်မှနုတ်ထွက်နှုန်း | P | S | D.2.3 |
| - | အလုပ်ပျက်ကွက်ခြင်း ပမာဏ | P | S | D.2.3 / C.3.1 |
| - | လုပ်ငန်းခွင်ဆိုင်ရာ ဘေးအန္တရာယ် ကင်းရှင်းရေးနှင့် လုံခြုံရေး | P | S | D.2.3 / C.3.1 |
| - | အသေအပျောက် နှုန်းထား | P | S | D.2.3 / C.3.1 |
| - | သင်တန်းပေးခြင်း | P | S | D.2.3 / C.3.2 |
| - | ရာထူး တက်ခြင်း/မြှင့်ပေးခြင်း | P | S | D.2.3 |
| - | အခွင့်အရေးတူ အလုပ်ခန့်ခြင်း (ကျား/မ၊ လူမျိုး၊ အသက်) | P | S | D.2.3 |
| - | မသန်စွမ်းမှု | P | S | D.2.3 |
| **သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ကိစ္စရပ်များ** | | | | |
| - | စွန့်ပစ်အညစ်အကြေး | P | S | D.2.3 |
| - | စွမ်းအင် | P | S | D.2.3 |
| - | ကာဗွန် | P | S | D.2.3 |
| - | ရေ | P | S | D.2.3 |
| **လူမှုအသိုင်းအဝိုင်းဆိုင်ရာ တာဝန်များ** | | | | |
| - | ထုတ်ကုန်ပစ္စည်းဆိုင်ရာ တာဝန် | P | S | D.2.3 |
| - | ကုန်ပစ္စည်းပံ့ပိုးပေးသည့် ကွင်းဆက်ဆိုင်ရာ တာဝန် | P | S | D.2.3 |
| - | ပရဟိတ လုပ်ငန်းများ | P | S | D.2.3 |
| 100 | ဘဏ္ဍာရေးမဟုတ်သော ကိန်းဂဏန်းများအား ပြင်ပအဖွဲ့အစည်းမှ စာရင်းစစ်ပါသလား။ | P | S | |



မြန်မာ့စီးပွားရေးကဏ္ဍတာဝန်ယူမှုရှိရေး
အထောက်အကူပြုဌာန

**Email:** info@myanmar-responsiblebusiness.org

www.mcrb.org.uk

www.mcrb.org.mm

Yever smarter together

Certified B Corporation

**Email:** contact@yever.org

www.yever.org